
mgyoe.com
SAMPLE BOOK

# ပါမောက္ခကုလားထိုင်

## မောင်ခင်မင်(ဓနုဖြူ)




mgyoe.com

original photo: fuad oba - unsplash

mgyoe.com SAMPLE BOOK

သူပုန်ရန်ကြောင့် ရွာပျက်ပြီး ရန်ကုန်မှာ လာခိုလှုံရတဲ့၊
ဆင်းရဲချို့တဲ့တဲ့ ဆယ်နှစ်အရွယ် လူမမည် တောရွာသားကလေး
ကျွန်တော်က ကြိုးကြိုးစားစား၊ ခက်ခက်ခဲခဲ ကျောင်းတက်ပြီး
တက္ကသိုလ်မှာ ဆရာ ဖြစ်လာပြီးတဲ့နောက်
နှစ်တော်တော်ကြာတဲ့အခါမှာ
ရန်ကုန်တက္ကသိုလ် မြန်မာစာပါမောက္ခကုလားထိုင်မှာ
ထိုင်ခွင့်ရတဲ့အကြောင်းပါပဲ။
ကျွန်တော့်အကြောင်းကို ရေးရင်း ခေတ်အမျိုးမျိုး ဖြတ်သန်းခဲ့ရတဲ့
ကျွန်တော့်ပတ်ဝန်းကျင်အကြောင်းကိုလည်း
တတ်နိုင်သမျှ ပြည့်စုံအောင်
မှတ်တမ်းတင်ဖို့ ရည်ရွယ်ပါတယ်။



ISBN 9789997137531
MKM14
9 789997 137531
MMK 7000.00

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com

SAMPLE BOOK

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ပါမောက္ခ ကုလားထိုင်

## မောင်ခင်မင်(ဓနုဖြူ)

ပထမအကြိမ်၊ ၂၀၂၅

mgyoe.com

mgyoe.com SAMPLE BOOK

ပါမောက္ခ ကုလားထိုင်၊ မောင်ခင်မင်(ဓနုဖြူ)
စာမျက်နှာ ၁၆၂ မျက်နှာ၊ ၁၄.၅ စင်တီ x ၂၀.၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


– စာရေးသူရဲ့ အမှာစကား ၅

၁။ ပါမောက္ခကုလားထိုင် ၇

၂။ ဒီကျောင်းသားက အသက်ကြီးနေပါပကော ၉

၃။ ဗုဒ္ဓစာပေ၊ သင်္ချာ၊ အင်္ဂလိပ်စာ ၁၂

၄။ ကျောင်းမရှိသေးတဲ့ ကျောင်းမှာ ၁၄

၅။ စတိုင်ပင် တစ်လ ခုနစ်ကျပ် ၁၆

၆။ ဘက်စုံ လေ့ကျင့်ပေးတဲ့ကျောင်း ၁၈

၇။ မှတ်စုထုတ်တန်ထုတ်၊ အလွတ်ကျက်တန်ကျက် ၂၁

၈။ အလယ်တန်း စကောလားရှစ်စာမေးပွဲ ၂၃

၉။ သင်္ချာတွက်ဖို့နဲ့ အင်္ဂလိပ်စာ ရေးတတ်ဖို့ ၂၅

၁၀။ ဖြေသူ သုံးရာ့ခြောက်ဆယ်မှာ ၂၈

၁၁။ အိပ်မက်တောင် မမက်ဝံ့တဲ့ တက္ကသိုလ်မှာ ၃၀

၁၂။ မြန်မာစာလား၊ သင်္ချာလား ၃၂

၁၃။ စကောလားရှစ် ပြန်အပ်ရတဲ့ ကျွန်တော် ၃၄

၁၄။ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းသား၊
ဘဝတက္ကသိုလ်မှာ ဆရာ ၃၇


mgyoe.com

mgyoe.com
SAMPLE BOOK



| | | |
|---|---|---|
| ၁၅။ | မြန်မာစာဂုဏ်ထူးယူသူ | ၄၀ |
| ၁၆။ | တက္ကသိုလ်ဆရာ | ၄၇ |
| ၁၇။ | တက္ကသိုလ် ပညာပဒေသာစာစောင်နဲ့ မြန်မာစာမဂ္ဂဇင်း | ၅၄ |
| ၁၈။ | ရဖို့ကံမပါတဲ့ ဆုတံဆိပ်နှစ်ခု | ၅၈ |
| ၁၉။ | ဆရာဇော်ဂျီရဲ့ လမ်းညွှန်မှုတွေ | ၆၁ |
| ၂၀။ | ပညာရေးတက္ကသိုလ်ဆိုတဲ့ နတ်ရေကန်မှာ | ၆၄ |
| ၂၁။ | မလုပ်ရသေးခင် ပျက်သွားရတဲ့ အင်တာဗျူး | ၇၂ |
| ၂၂။ | အပြောအဟော အဖတ်အရှု | ၇၄ |
| ၂၃။ | အိမ်တာဝန်၊ ဌာနတာဝန် | ၇၉ |
| ၂၄။ | လျှို့ဝှက်ကိစ္စတွေ စိတ်ထဲက ဖျောက်ပစ်ဖို့ | ၈၂ |
| ၂၅။ | ပြင်ပဝိဇ္ဇာ ပို့ချချက်တွေ | ၈၅ |
| ၂၆။ | မီးရောင်အောက်မှာ ကျွန်တော် ဆရာ | ၈၇ |
| ၂၇။ | ကျောက်စာခန်းနဲ့ စာကြည့်တိုက် | ၉၁ |
| ၂၈။ | သင်ရိုးသစ်စာအုပ်တွေ ပြုစုကြရာမှာ | ၉၃ |
| ၂၉။ | ဌာနအတွက် ပြုစုတဲ့ စာအုပ်သစ်တွေ | ၉၈ |
| ၃၀။ | မြန်မာစာညွှန့်ပေါင်းကျမ်း အဟောင်း အသစ် | ၁၀၂ |
| ၃၁။ | တက္ကသိုလ်သစ်တစ်ခု တည်ထောင်ရာမှာ | ၁၀၄ |
| ၃၂။ | ကိုယ့်လူ၊ ကြည့်လည်းလုပ်နော်၊ လဲသွားဦးမယ် | ၁၀၈ |
| ၃၃။ | ပါရဂူတန်းမှာ ပို့ချဖို့ | ၁၁၁ |
| ၃၄။ | အဖြေလွှာ စစ်ဆေးရတဲ့ အတွေ့အကြုံ | ၁၁၅ |
| ၃၅။ | နိုင်ငံခြားသားကို မြန်မာစာသင်ရတဲ့ အတွေ့အကြုံ | ၁၁၉ |
| ၃၆။ | ပါမောက္ခကုလားထိုင် ထိုင်ရဖို့ | ၁၂၇ |
| ၃၇။ | ပထမဆုံးပါရဂူနဲ့ ပါရဂူသင်တန်းတွေ | ၁၃၀ |
| ၃၈။ | သင်ရိုးသစ်၊ ဘွဲ့သစ်၊ အတွေ့အကြုံသစ်တွေ | ၁၃၅ |
| ၃၉။ | အသက်ငင်နေတဲ့ စိတ်ကြိုက်မြန်မာစာ | ၁၄၂ |
| ၄၀။ | မိုးလင်း မိုးချုပ် | ၁၄၅ |


mgyoe.com

mgyoe.com
SAMPLE BOOK


၄၁။ မိခင်ဌာန နှစ် ၆၀ မှာ ၁၄၈
၄၂။ ပညာလည်းပေး၊ ကုသိုလ်လည်းယူ ၁၅၂
၄၃။ အင်္ဂလိပ်လိုရေးထားတဲ့ 'မြန်မာစာ' လေ့လာဖို့ ၁၅၄
၄၄။ မြန်မာစာနဲ့ ဆက်စပ်နေတဲ့အလုပ်တွေ ၁၅၇
၄၅။ ဒီနေ့အချိန်အထိ ၁၆၁

❑

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးသူရဲ့ အမှာစကား

ကျွန်တော့်ရင်ဘတ်နားနဲ့ နံစောင်းမှာ အနာပေါက်လို့ ဆေးရုံတက်ပြီး ခွဲရပါတယ်။ အောက်တိုဘာလ ၁၄ ရက်က ၂၁ ရက်အထိ ဆေးရုံတက်ရပြီး ပြန်ဆင်းလာပြီးတဲ့နောက် ဆေးရုံကို တစ်ရက်ခြား၊ နှစ်ရက်ခြား ဆေးသွားထည့်ရတယ်။ အသားနုပြန်ပြည့်တဲ့အထိ အိမ်မှာ နားနေရတာပေါ့။ ဒီလိုနားနေရင်း အနာသက်သာလာချိန်မှာ ဒီစာအုပ်ရေးဖို့ စိတ်ကူးရပြီး ရေးတာပါ။

ကျွန်တော့်ရဲ့ 'စာရေးသူ ကလောင်ရှင်ဘဝ' အကြောင်း၊ 'မိသားစုဘဝ' အကြောင်းတွေ ရေးခဲ့ပြီးပါပြီ။ ကျွန်တော် အသက်မွေးဝမ်းကျောင်းပြုခဲ့တဲ့ 'ကျောင်းဆရာ' ဘဝကို အခု ရေးဖို့ရည်ရွယ်တာပါ။ ကြိုးကြားကြိုးကြားတော့ ရေးဖူးပါတယ်။ အခုတော့ ကျောင်းသားဘဝကစပြီး ကျောင်းဆရာဘဝ ပြီးဆုံးတဲ့အထိ တွေ့ရ ကြုံရတာတွေကို ပြန်စဉ်းစားမိပြီး စာဖတ်သူကို အေးအေးဆေးဆေး၊ ပေါ့ပေါ့ပါးပါး ပြောပြချင်တာပါ။ ကျွန်တော် ငယ်ငယ်က ပညာသင်ခဲ့တဲ့ ကျောင်းတွေရဲ့အကြောင်းနဲ့ တက္ကသိုလ်ကျောင်းသားဘဝ၊ တက္ကသိုလ်ဆရာဘဝတွေမှာ တွေ့ကြုံခဲ့ရတဲ့ တက္ကသိုလ်တွေအကြောင်း၊ မြန်မာစာဌာနအကြောင်း၊ သိကျွမ်းခင်မင်ရတဲ့ သူငယ်ချင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ ကျွန်တော့်ကို ပညာသင်ပေးတဲ့ ကျေးဇူးရှင် ဆရာ၊ ဆရာမတွေအကြောင်း ပြောပြမှာပါ။ အဲဒီလို ပြောပြရင်း ကျွန်တော် ကြုံခဲ့ရတဲ့ ခေတ်စနစ်အပြောင်းအလဲတွေ၊ ပညာရေး အပြောင်းအလဲတွေ၊ ကျွန်တော်ကိုယ်တိုင် ပါဝင်ဆောင်ရွက်ခဲ့ပုံတွေကိုလည်း တစေ့တစောင်း ပြောပြသွားမှာပါ။

mgyoe.com

mgyoe.com
SAMPLE BOOK


အထူးသဖြင့်တော့ သူပုန်ရန်ကြောင့် ရွာပျက်ပြီး ရန်ကုန်မှာ လာခိုလှုံရတဲ့၊ ဆင်းရဲချို့တဲ့တဲ့ ဆယ်နှစ်အရွယ် လူမမည် တောရွာသားကလေး ကျွန်တော်က ကြိုးကြိုးစားစား၊ ခက်ခက်ခဲခဲ ကျောင်းတက်ပြီး တက္ကသိုလ်မှာ ဆရာ ဖြစ်လာပြီးတဲ့နောက် နှစ်တော်တော်ကြာတဲ့အခါမှာ ရန်ကုန်တက္ကသိုလ် မြန်မာစာ ပါမောက္ခကုလားထိုင်မှာ ထိုင်ခွင့်ရတဲ့အကြောင်းပါပဲ။

ကျွန်တော့်အကြောင်းကို ရေးရင်း ခေတ်အမျိုးမျိုး ဖြတ်သန်းခဲ့ရတဲ့ ကျွန်တော့်ပတ်ဝန်းကျင်အကြောင်းကိုလည်း တတ်နိုင်သမျှ ပြည့်စုံအောင် မှတ်တမ်းတင်ဖို့ ရည်ရွယ်ပါတယ်။

မောင်ခင်မင်(ဓနုဖြူ)

၁၂-၁၀-၂၄

---

ယခုအခါ ကွယ်လွန်သွားရှာပြီဖြစ်သော ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)သည် ဤစာအုပ်ကို မကွယ်လွန်မီလများအတွင်း ထုတ်ဝေရန် ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ယခုမှ ပထမအကြိမ် ရိုက်နှိပ်ရခြင်းဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

## ပါမောက္ခ ကုလားထိုင်

ပါမောက္ခကုလားထိုင်ဆိုတာ ပါမောက္ခရာထူးကို တင်စားပြီးခေါ်တဲ့ စကားပါ။ တက္ကသိုလ်မှာ ဘာသာရပ်ဌာနတစ်ခုကို ကြီးမှူးရတဲ့ ရာထူးပါ။

အဲဒီတုန်းက မြန်မာနိုင်ငံမှာ တက္ကသိုလ်အရေအတွက်ဟာ ခုလို မများသေးပါဘူး။ ပါမောက္ခရာထူးဆိုတာ တက္ကသိုလ်နဲ့ ဒီဂရီကောလိပ်တွေမှာ ဘာသာရပ်ဌာနတစ်ခုစီမှာ တစ်ယောက်စီသာရှိတဲ့ ရာထူးပါ။ ပြီးတော့ ပါမောက္ခဟာ ဌာနမှူးဖြစ်တဲ့အတွက် အခုခေတ်မှာလို ပါမောက္ခဌာနမှူးလို့ ခွဲခြားမခေါ်ကြသေးပါဘူး။ ပါမောက္ခအရေအတွက်လည်း မများသေးပါဘူး။

ပါမောက္ခတွေထဲမှာ ရန်ကုန်တက္ကသိုလ်ပါမောက္ခဟာ သင်ကြားရေးကိစ္စတွေ၊ စာမေးပွဲကိစ္စတွေမှာ တခြားတက္ကသိုလ်တွေက ပါမောက္ခတွေကို ဦးဆောင်ညှိနှိုင်းဆော်ဩရတဲ့ တာဝန်ရှိတာမို့ အချက်အချာ ရာထူးတစ်ခုပါ။ ရန်ကုန်တက္ကသိုလ်ပါမောက္ခနေရာကို မမှန်းရဲကြပါဘူး။ ကျွန်တော်လည်း မမှန်းရဲခဲ့ပါဘူး။

ဒါပေမဲ့ အကြောင်းအားလျော်စွာပဲ ရန်ကုန်တက္ကသိုလ် မြန်မာစာပါမောက္ခရာထူးကို ကျွန်တော်ရပြီး ပါမောက္ခကုလားထိုင်မှာ ထိုင်ခွင့်ရခဲ့ပါတယ်။ ပြန်သုံးသပ်ကြည့်တော့ အဲဒီလို ထိုင်ခွင့်ရခဲ့တာဟာ ကျွန်တော့်ရဲ့ ကံဉာဏ်ဝီရိယအပြင် ကျွန်တော့်စိတ်ထားနဲ့ ဝါသနာဆိုတဲ့ အကြောင်းတရားတွေပေါ်မှာ အခြေခံတယ်လို့ သုံးသပ်မိပါတယ်။

အဲဒီအကြောင်းကိုပြောပြရင် စာဖတ်သူအတွက် အကျိုးတစ်စုံတစ်ရာ ရနိုင်

mgyoe.com

mgyoe.com
SAMPLE BOOK


လိမ့်မယ်လို့ ယုံကြည်ပါတယ်။

ပါမောက္ခကုလားထိုင်မှာ ထိုင်ခွင့်ရအောင် အထောက်အကူပြုတဲ့ အကြောင်းတရားတွေကို ပြောရရင်တော့ ရန်ကုန်၊ ကန်တော်ကြီးရပ်ကွက်က မြူနီစီပယ်ကျောင်းမှာ ကျွန်တော့်ပညာရေးခရီး ပြန်ဆက်မိတာက စရပါလိမ့်မယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## ဒီကျောင်းသားက အသက်ကြီးနေပါပကော

၁၉၅၃ ခု၊ ဇွန်လ ကျောင်းဖွင့်စမှာ 'အစ်မ' က ကျွန်တော့်ကို ကန်တော်ကြီး ရပ်ကွက်က မြူနီစီပယ်ကျောင်းမှာ ကျောင်းလိုက်အပ်ပါတယ်။ အဲဒီတုန်းက ကျွန်တော့် အသက် ၁၃ နှစ် ရှိနေပါပြီ။ တက်မယ့်အတန်းက စတုတ္ထတန်း (လေးတန်း) ဆိုတော့ အသက်ကြီးနေတာပေါ့။ ဒါကြောင့် ကျောင်းသားလက်ခံတဲ့ ကျောင်းအုပ်ဆရာကြီးက "ဒီကျောင်းသားက အသက်ကြီးနေပါပကော" လို့ ပြောတာပါ။

စတုတ္ထတန်းတက်ဖို့ အပ်ပေမဲ့ ကျောင်းပြောင်းလက်မှတ် မရှိတာမို့ ဆရာကြီးက ယာယီလက်ခံထားလိုက်ပါတယ်။ စာလိုက်နိုင် မလိုက်နိုင် စစ်ဆေးဦးမယ်တဲ့။

နောက်ကြောင်းပြန်ရရင် ၁၉၄၉ ခုနှစ်မှာ ကျွန်တော်တို့ဇာတိ ဓနုဖြူမြို့နယ်က ကျုံတနီးရွာကလေးကို သူပုန်ဝင်စီးပြီး မီးရှို့တဲ့အတွက် ရွာသူရွာသားတွေ အသက်လုပြီး ပြေးကြရပါတယ်။ ပစ္စည်းဥစ္စာအားလုံး ဆုံးရှုံးရုံမက ကျွန်တော့်ဖခင်ဟာလည်း သူပုန်တွေလက်ချက်နဲ့ အသက်ဆုံးခဲ့ရတယ်။ ပြည်တွင်းသောင်းကျန်းမှု စတင်တဲ့ကာလပါ။ အဲဒီတုန်းက သူပုန်ရန်ကြောင့် ရန်ကုန်ကို ပြေးလာပြီး အခြေချတဲ့သူတွေထဲမှာ ကျွန်တော်တို့မိသားစုလည်း ပါတာပေါ့။ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်တည့်တည့်၊ ဗဟန်းကြားတောရလမ်းမှာ အိမ်ကလေးတစ်လုံးငှားပြီး အခြေချကြတယ်။ ၁၉၅၀ ပြည့်နှစ်မှာပါ။ အမေနဲ့ အဒေါ်တွေ၊ အစ်မတွေက စက်ချုပ်တဲ့သူချုပ်၊ ဈေးရောင်းတဲ့သူရောင်းပြီး အသက်မွေးကြရတယ်။ အဲဒီတုန်းက ကျွန်တော့်အသက်က ၁၀ နှစ်ပဲ ရှိသေးတယ်။ ရွာမှာ စတုတ္ထတန်းတက်နေတုန်း ပညာတစ်ပိုင်းတစ်စနဲ့ ပြေးခဲ့ရတာပါ။

mgyoe.com

ကျန်းမာရေးမကောင်းတဲ့အပြင် မျက်စိအားနည်းတာမို့ လူကြီးတွေက စိတ်မချလို့ ကျောင်းဆက်မနေရသေးပါဘူး။ ဒါကြောင့် သူငယ်ချင်းတွေနဲ့ ဂေါ်လီရိုက်လိုက်၊ သားရေကွင်းပစ်လိုက်၊ စာဖတ်လိုက်နဲ့ နေခဲ့ပါတယ်။ ကံကောင်းတာက အိမ်ရှေ့တည့်တည့်မှာ ဗမာနိုင်ငံလူငယ်များအစည်းအရုံးခွဲ (ဗလစခ) စာကြည့်တိုက်ရှိတာမို့ မနက်တိုင်း သတင်းစာမျိုးစုံ ဖတ်လို့ရတယ်။ အစည်းအရုံးက 'အစ်ကို' တွေနဲ့ ခင်သွားပြီး စာအုပ်တွေလည်း ငှားဖတ်ရတယ်။ ရှုမဝမဂ္ဂဇင်းကို အမှတ် ၁ ကစပြီး အစဉ်အတိုင်း ငှားဖတ်တယ်။ ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ မဟာဆွေ၊ ဝဇီရာ စတဲ့ စာရေးဆရာတွေရဲ့ ဝတ္ထုတွေလည်း ဖတ်ရတယ်။ စာဖတ်တဲ့ဝါသနာပါတာမို့ ကလေးပီပီ ကစားမက်ပေမဲ့ စာဖတ်တာလည်း မက်မောပါတယ်။ တစ်နေ့မှာ ကစားဖော်သူငယ်ချင်း မောင်စိန်ညွန့်က သူတက်နေတဲ့ ကန်တော်ကြီး မြူနီစီပယ်ကျောင်းမှာ တက်ဖို့ တိုက်တွန်းတဲ့အတွက် သူနဲ့လည်း အဖော်ရတာမို့ အစ်မက ကျောင်းလိုက်အပ်တာပါ။

အတန်းပိုင်ဆရာ ဆရာကြီး ဦးတင်က ကျွန်တော့်ကို စာနည်းနည်းဖတ်ခိုင်းတယ်။ အသံထွက်ပြီး ဖတ်ပြရတယ်။ "တော်ပြီ" လို့ပြောပြီး "အပေါင်း၊ အနုတ်၊ အမြှောက်၊ အစား တွက်တတ်သလား" လို့ မေးတယ်။ တွက်တတ်ပါတယ်လို့ ပြောတော့ စတုတ္ထတန်းတက်ရန် သင့်တော်ပါသည်လို့ စာတိုလေးရေးပြီး ကျောင်းအုပ်ဆရာကြီးဆီ လွှတ်တယ်။ ဆရာကြီးက အဲဒီတော့မှ တရားဝင်ကျောင်းသားအဖြစ်လက်ခံပါတယ်။

အဲဒီတုန်းက မူလတန်းကျောင်းတွေကို 'ရန်ကုန်မြူနီစီပယ်ပညာရေးအဖွဲ့' က စီမံအုပ်ချုပ်တာမို့ မြူနီစီပယ်ကျောင်းလို့ ခေါ်တာပါ။ မြူနီစီပယ် Municipal ဆိုတာ အခု 'မြို့တော်စည်ပင်သာယာရေးအဖွဲ့' မျိုးပါ။ ရန်ကုန်မှာ မြူနီစီပယ်ကျောင်းတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့ကျောင်းရှိတဲ့ ကန်တော်ကြီးရပ်ကွက်ဆိုတာ အခု မြေပဒေသာနေရာမှာ အိမ်ကလေးတွေ ပြွတ်သိပ်နေတဲ့ ဆင်းရဲသားရပ်ကွက်ပါ။ ပြည်တွင်းစစ်ရန်ကြောင့် ရန်ကုန်တက်လာပြီး ခိုလှုံကြတဲ့ ရပ်ကွက်တစ်ခုပါ။ ကျွန်တော်တို့ကျောင်းကလည်း မြေစိုက်အဆောက်အအုံကလေးပါ။ အတန်းတွေမှာ ကျောင်းသားတွေအတွက် စားပွဲ၊ ကုလားထိုင် မရှိပါဘူး။ မြေကြီးပေါ်မှာ နီးကြောဖျာကြမ်းတွေခင်းပြီး ထိုင်ရတယ်။ ဆရာအတွက်ပဲ စားပွဲ၊ ကုလားထိုင် ရှိတယ်။ စာရေးရင် ကိုယ်ကိုဝပ်ပြီး ရေးရတယ်။ ဆင်းရဲပေမဲ့ ဆရာတွေက စေတနာကောင်းတယ်။ အသင်အပြ

mgyoe.com

mgyoe.com
SAMPLE BOOK


လည်း ကောင်းတယ်။ ကျွန်တော်တို့အတန်းပိုင်ဆရာကြီး ဦးတင်ဆိုရင် တပည့်တွေကို သားသမီးတွေလို ကြင်ကြင်နာနာ ဆက်ဆံပါတယ်။ စကားပြောရင် 'နင်'၊ 'ငါ' လို့ ပြောပေမဲ့ ရိုးသားတဲ့အသံ ပေါ်နေပါတယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## ဗုဒ္ဓစာပေ၊ သင်္ချာ၊ အင်္ဂလိပ်စာ

ကျောင်းမှာ ဗုဒ္ဓစာပေနဲ့ပတ်သက်ပြီး အခြေခံကောင်းကောင်းရတာဟာ ဆရာကြီး ဦးတင်ရဲ့ ကျေးဇူးကြောင့်ပါ။ ဆရာကြီးဟာ ဘာသာစုံ တစ်ယောက်တည်း သင်ပါတယ်။ မြန်မာစာ၊ သင်္ချာ၊ ပထဝီဝင်၊ ရာဇဝင် (သမိုင်းလို့ မခေါ်သေးပါ)၊ အထွေထွေ သိပ္ပံ၊ ပြည်သူ့နီတိ၊ ကျန်းမာခြင်းဆိုတဲ့ ဘာသာတွေအားလုံးကို တစ်ယောက်တည်း ဒိုင်ခံသင်တဲ့အပြင် ဗုဒ္ဓဘာသာသင်ခန်းစာတွေကိုလည်း သင်ပေးပါတယ်။

သြကာသဘုရားရှိခိုး တစ်ပုဒ်လုံးကို အဓိပ္ပာယ်ရှင်းပြတယ်။ ပြီးတော့ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တွေရဲ့ အဓိပ္ပာယ်၊ သိင်္ဂါလောဝါဒသုတ်မှာပါတဲ့ မိဘဝတ်၊ သားသမီးဝတ် စတဲ့ လင်္ကာတွေ၊ စတဲ့ သိကောင်းစရာတွေ၊ မှတ်သားစရာတွေကို သိမှတ်ရပါတယ်။ ဆရာကြီး နိဒါန်းချီပုံကလည်း စိတ်ဝင်စားစရာကောင်းတယ်။ "ညက ငါ အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ သူတော်စင်တစ်ယောက်က ငါ့ကို 'နင် ကလေးတွေကို ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တွေ သင်ပေးပြီးပြီလား။ ကုန်အောင်သင်ပေးလိုက်' လို့ ပြောသွားတယ်" လို့ နိဒါန်းချီတာမျိုးပါ။ ဗုဒ္ဓဘာသာ သင်ခန်းစာများဆိုတဲ့ စာအုပ်တွေလည်း ဖတ်ရတယ်။ အကျိုးကတော့ ဝိုင်အမ်ဘီအေက နှစ်စဉ်ကျင်းပတဲ့ မင်္ဂလာစာမေးပွဲတွေ၊ ပရိယတ္တိအသင်းက နှစ်စဉ်ကျင်းပတဲ့ ပရိယတ္တိစာမေးပွဲတွေ ကျွန်တော်တို့ ဝင်ဖြေရပြီး အောင်မြင်ခဲ့တာပါပဲ။ အောင်လက်မှတ်တွေလည်း ရပါတယ်။ ကျွန်တော့်အတွက်တော့ တစ်သက်လုံး အသုံးဝင်တဲ့ ဗုဒ္ဓစာပေကိုယ်ခံတွေ ရခဲ့တာပါ။

mgyoe.com

mgyoe.com
SAMPLE BOOK


ဆရာကြီးက ဂဏန်းသင်္ချာလည်း အသင်ကောင်းပါတယ်။ ဂဏန်းသင်္ချာပုစ္ဆာတွေကို သဘောပေါက်လာပြီး ကောင်းကောင်းတွက်နိုင်အောင် သင်ပေးပါတယ်။ စာမေးပွဲဖြေတော့ ကျွန်တော်တို့သူငယ်ချင်းတွေ သင်္ချာဂုဏ်ထူးတွေ တန်းစီထွက်ပါတယ်။

ဆရာကြီးဟာ အမြော်အမြင်လည်း ကြီးပါတယ်။ ကျွန်တော်တို့ဟာ အဲဒီတုန်းက စနစ်အရ ပဥ္စမတန်း(ငါးတန်း)ကျမှ အင်္ဂလိပ်စာ စသင်ရတယ်။ ဆရာကြီးက "နင်တို့ ငါးတန်းရောက်ရင် အင်္ဂလိပ်စာ အခက်အခဲမရှိအောင် အခု ကြိုသင်ထားမယ်" လို့ ပြောပြီး ညနေ ကျောင်းဆင်းပြီးချိန်မှာ ရွှေဂုံတိုင်လမ်းမှာရှိတဲ့ သူ့အိမ်ကို စာတော်တဲ့ ကျောင်းသားတွေကို ခေါ်သွားပြီး အင်္ဂလိပ်စာ သင်ပေးပါတယ်။ အခုခေတ်ကျူရှင်တွေလို ပိုက်ဆံမပေးရရုံမက စာသင်ရင်း ငှက်ပျောသီးတွေ၊ မုန့်တွေ ကျွေးပါသေးတယ်။ မုန့်ကျွေးပြီး စာသင်တာပါ။

ဒါတင်မက တစ်နေ့မှာ ကျွန်တော်တို့ လေးငါးယောက်ကို "နင်တို့ ယူအက်စ်အိုင်အက်စ် (USIS) မှာ စာအုပ်သွားငှားပြီးဖတ်ကြ" လို့ ခိုင်းပါတယ်။ ယူအက်စ်အိုင်အက်စ် (USIS) ဆိုတာ အမေရိကန်ပြန်ကြားရေးဌာန (United States Information Service) ရဲ့ အတိုကောက်ပါ။ အဲဒီဌာနက ပန်းဆိုးတန်းနဲ့ ကမ်းနားလမ်းထောင့်မှာရှိပါတယ်။ ကလေးတွေ၊ လူငယ်တွေအတွက် စာကြည့်တိုက် Junior Library လည်းရှိပါတယ်။ အဲဒီမှာ စာအုပ်သွားငှားဖို့ ပြောတာပါ။ ကျွန်တော်တို့ သူငယ်ချင်းတစ်စုတိရစ္ဆာန်ရုံဘေးက ခြေကျင်လျှောက်၊ ရန်ကုန်ဘူတာကြီးကို ကျော်ပြီး ပန်းဆိုးတန်းအတိုင်း လမ်းလျှောက်သွားကြတယ်။ ရောက်တော့ စိတ်ဝင်စားတဲ့ ကလေးစာအုပ်တွေငှားခဲ့ကြပါတယ်။ ဆရာကြီးရဲ့ အမြော်အမြင်ကြီးပုံ၊ တပည့်တွေကို တတ်စေချင်တဲ့စေတနာရှိပုံကို ပြန်တွေးမိတိုင်း ဆရာကြီးကို လေးစားစိတ်နဲ့အတူ လွမ်းဆွတ်မိပါတယ်။

ရန်ကုန် မြို့နယ်စီပယ်ပညာရေးအဖွဲ့က ကျင်းပတဲ့ စတုတ္ထတန်းစာမေးပွဲမှာ ရှေ့မှာပြောခဲ့တဲ့အတိုင်း ကျွန်တော့်သူငယ်ချင်းတွေ သင်္ချာဂုဏ်ထူးနဲ့ အောင်ကြတယ်။ ကျွန်တော်လည်း သင်္ချာနဲ့ ပထဝီဝင်ဂုဏ်ထူး နှစ်ခုရလို့ 'ပထမဆင့်မှ အောင်မြင်သည်' လို့ အောင်လက်မှတ်မှာ မှတ်ချက်ရေးထားတယ်။ မြို့တော်ခန်းမမှာ ကျင်းပတဲ့ ဆုပေးပွဲမှာလည်း ဆုတက်ယူရတယ်။

စတုတ္ထတန်းအောင်တော့ ဗဟန်းအစိုးရအလယ်တန်းကျောင်းကို ပြောင်းရပါတယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## ကျောင်းမရှိသေးတဲ့ ကျောင်းမှာ

ဗဟန်းအစိုးရ အလယ်တန်းကျောင်းရဲ့ ထူးခြားချက်က ကိုယ်ပိုင်ကျောင်း အဆောက်အအုံ မရှိသေးတာပါပဲ။ မူလတန်းကျောင်းတစ်ကျောင်းမှာ တွဲပြီး ဖွင့်ထားရတာပါ။ မနက်ပိုင်းမှာ မူလတန်းကျောင်း၊ ညနေပိုင်းမှာ အလယ်တန်းကျောင်းပေါ့။ အဲဒီကျောင်းကို ကျွန်တော် ရောက်တာပါ။

ရွှေတိဂုံဘုရားအရှေ့ဘက် ဗဟန်း ၂ လမ်း၊ ၃ လမ်းအဆုံးနားမှာ ကျောင်းရှိပါတယ်။ မူလတန်းကျောင်းရဲ့ ကျောင်းအုပ်ဆရာကြီးက ဦးရွှေတင်တဲ့။ ကျွန်တော်တို့ အလယ်တန်းကျောင်းရဲ့ ကျောင်းအုပ်ဆရာမကြီးက ဒေါ်ပုလေးတဲ့။ ဒါကြောင့် လူတွေက 'ဦးရွှေတင်ကျောင်း'၊ 'ဒေါ်ပုလေးကျောင်း' လို့ အလွယ်ခေါ်ကြတယ်။

ကျောင်းက မြေစိုက်အဆောက်အအုံပါပဲ။ ကန်တော်ကြီး မြူနီစီပယ်ကျောင်းထက် သာတာကတော့ အတန်းတွေမှာ ကျောင်းသားတွေအတွက် စားပွဲ၊ ကုလားထိုင်တွေ ရှိပါတယ်။ ငါးတန်းက ခုနစ်တန်းအထိရှိတယ်။ တန်းခွဲနှစ်ခုစီရှိတာမို့ တန်းခွဲခြောက်ခုရှိတာပေါ့။ တန်းခွဲတစ်ခုနဲ့တစ်ခု နောက်ကျောခိုင်းထားတယ်။ ဒီတော့ တစ်တန်းမှာ အသံကျယ်ကျယ်သင်နေရင် တစ်တန်းက ကြားနေရတာပေါ့။ ကြားမှာ အကာအရံမရှိပါဘူး။ အဲဒီတုန်းက ကျောင်းအခြေအနေကို ပြောပြတာပါ။

ကျွန်တော်က ၁၉၅၄ ခုက ၁၉၅၇ ခုအထိ အဲဒီကျောင်းမှာ ပညာသင်ခဲ့ပါတယ်။ ငါးတန်းက ခုနစ်တန်းအထိပါ။ အဲဒီကျောင်းမှာလည်း လက်လုပ်လက်စားဆင်းရဲသား သားသမီးတွေ များပါတယ်။ အခု ဗဟန်း အလက ၁ ထင်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


၁၉၅၅ ခုနှစ်ကျတော့ ကျွန်တော်တို့ကျောင်းက ကိုယ်ပိုင်အဆောက်အအုံ ရပါတယ်။ မူလက ဗဟန်းအစိုးရအထက်တန်းကျောင်း ဖွင့်ခဲ့တဲ့ ဗဟန်းလမ်းမကြီးနဲ့ ရွှေဂုံတိုင်လမ်းထောင့် ကုန်းမြင့်ပေါ်က ရဲတိုက်ကြီးလို ခံ့ညားတဲ့ အဆောက်အအုံကြီးမှာပါ။ သုံးထပ်တိုက်ပါ၊ အပေါ်နှစ်ထပ်မှာ ပညာရေးဌာနက အရာရှိတွေ နေပြီး အောက်ဆုံးထပ်ကို ကျောင်းလုပ်ထားတာပါ။ ဗဟန်းအစိုးရ အထက်တန်းကျောင်း (အထက ၁ ဗဟန်း)က ဘောင်ဒရီလမ်း (ဓမ္မစေတီလမ်း)မှာရှိတဲ့ လက်ရှိ ကျောင်းအဆောက်အအုံအသစ် ဆောက်ပြီးလို့ ပြောင်းသွားတဲ့အတွက် ကျွန်တော်တို့ အလယ်တန်းကျောင်းမှာ အဲဒီတိုက်ကြီးကို ပြောင်းရတာပါ။ ကျွန်တော်တို့ဆရာ ဦးငြိမ်းမောင် အင်္ဂလိပ်စာသင်တဲ့အခါ Our school is like a great castle (ကျွန်တော်တို့ ကျောင်းသည် ရဲတိုက်ကြီးနှင့်တူသည်) လို့ သင်လေ့ရှိပါတယ်။ အခုတော့ အဲဒီတိုက်ကြီး မရှိတော့ပါဘူး။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# စတိုင်ပင် တစ်လ ခုနစ်ကျပ်

စတိုင်ပင် (Stipand) ဆိုတာ ထောက်ပံ့ကြေးပါ။ ဆင်းရဲပြီး စာတော်တဲ့ ကျောင်းသားတွေကို အစိုးရက ထောက်ပံ့ကြေးပေးပါတယ်။ ကျွန်တော့်သူငယ်ချင်း ကိုမြင့်သိန်းက သတ္တမတန်း(ခုနစ်တန်း)မှာပါ။ သူက ထောက်ပံ့ကြေးရတယ်။ ကျွန်တော့်ကိုလည်း ရစေချင်လို့ ကိုမြင့်သိန်းက ကျွန်တော့်ကို ဆရာမကြီးအိမ် ခေါ်သွားပြီး အကျိုးအကြောင်း ပြောပြပါတယ်။ ဆရာမကြီးက "စာကြိုးစားတဲ့သူဆိုရင်တော့ စတိုင်ပင် ရမှာပေါ့" လို့ ပြောလိုက်တယ်။ အဲဒီနှစ် ပဥ္စမတန်းမှာ ကျွန်တော် ပထမ ရတော့ ဆရာမကြီးက ထောက်ခံပေးတဲ့အတွက် ဆဋ္ဌမတန်း(ခြောက်တန်း)မှာ ကျွန်တော် စတိုင်ပင် ရပါတယ်။ သူငယ်ချင်း ကိုမြင့်သိန်းရဲ့ကျေးဇူးပါ။

အလယ်တန်းစတိုင်ပင်က တစ်လ ခုနစ်ကျပ်ပါ။ ခု ကြည့်ရင်တော့ ရယ်စရာလို့ ထင်စရာပေါ့။ ဒါပေမဲ့ အဲဒီခုနစ်ကျပ်ဟာ အရာရောက်ပါတယ်။ "၁၅ ပြားတန် တံဆိပ်ခေါင်းတစ်လုံးယူပြီး ဆရာမကြီးရဲ့ရုံးခန်းကို လာခဲ့ပါ" လို့ ကျောင်းစာရေးက ကျွန်တော့်ကို လာခေါ်ပြီဆိုရင် စတိုင်ပင် ထုတ်ပေးတော့မယ်ဆိုတာ သိပြီး ဝမ်းသာသွားပါတယ်။ စတိုင်ပင်က သုံးလေးလ ပေါင်းပြီးထုတ်ပေးတာမို့ တစ်ခါထုတ်ရင် ငွေ ၂၀၊ ၂၅ ကျပ် ရပါတယ်။ အဲဒီငွေနဲ့ လိုအပ်တဲ့စာအုပ်တို့၊ ဖောင်တိန်တို့ ဝယ်နိုင်တဲ့အပြင် ကျောင်းစိမ်းယူနီဖောင်းပါ ဝယ်နိုင်ပါတယ်။ ကျွန်တော် စတိုင်ပင်ရလို့ အိမ်က လူကြီးတွေက ဝမ်းသာကြတယ်။ သူတို့လည်း စားဝတ်နေရေးအတွက် လုံးပန်းနေရတာမို့ မချောင်လည်ကြဘူးလေ။ ဒီတော့ ကျောင်းစရိတ်အတွက် ကျွန်တော် စတိုင်ပင်

mgyoe.com

mgyoe.com
SAMPLE BOOK


ရတာ ဝမ်းသာတာပေါ့။

စိတ်ထဲမှာ အမှတ်ထင်ထင် စွဲနေတာက ဆရာ၊ ဆရာမတွေရဲ့ ကျောသား ရင်သား မခွဲခြားတဲ့ စိတ်ဓာတ်နဲ့ စေတနာပါပဲ။ ဆင်းရဲချမ်းသာမရွေး၊ မျက်နှာကြီးငယ် မရွေး ကျောင်းသားအားလုံးကို တန်းတူဆက်ဆံပါတယ်။ စာတော်တဲ့ တပည့်တွေကို ချီးမွမ်းအားပေးသလို စာမတော်တဲ့ တပည့်တွေကို ဖေးမသင်ကြားပေးပါတယ်။ ခပ်ဆိုးဆိုး တပည့်တွေကိုဆိုရင်လည်း ချော့ချော့မော့မော့နဲ့ ဆုံးမပါတယ်။ ပြန်တွေး ကြည့်တော့ ကျွန်တော်တို့ အလယ်တန်းကျောင်းသားဘဝဟာ လွမ်းစရာပါ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# ဘက်စုံ လေ့ကျင့်ပေးတဲ့ကျောင်း

ကျွန်တော်ဟာ အလယ်တန်းကျောင်းသားဘဝမှာ ကောင်းကောင်း လူလားမြောက်လာတယ်လို့ ဆိုရမှာပါ။ အဘက်ဘက်က လေ့ကျင့်သင်ကြားပေးတဲ့ ဆရာ၊ ဆရာမတွေရဲ့ ကျေးဇူးကြောင့်ပါ။

အားကစားထက်သန်တဲ့ ကျောင်းသားတွေကို ဘောလုံးအသင်းတွေ ဖွဲ့ပေးပြီး ပတ်လည်စနစ်နဲ့ အသင်းလိုက် ယှဉ်ပြိုင်ကစားခိုင်းပါတယ်။ အထူးသဖြင့် စာပေနဲ့ လူမှုရေးဘက်မှာလည်း အစွမ်းအစတွေ ပေါ်လာအောင် ဆရာ၊ ဆရာမတွေက ဦးဆောင်ပြီး လေ့ကျင့်ပေးပါတယ်။ ကျောင်းစာကြည့်တိုက်မှာ မဂ္ဂဇင်းတွေ၊ ဝတ္ထုတွေ၊ သုတစာအုပ်တွေ လစဉ်ဝယ်ပြီး ကျောင်းသားတွေ ငှားဖတ်နိုင်အောင် စီစဉ်ထားတယ်။ 'စာဖတ်အသင်း' ဖွဲ့ပေးပြီး စာကြည့်တိုက်ကိစ္စတွေ ဆောင်ရွက်ခိုင်းတယ်။ အစည်းအဝေးတွေမှာ သဘာပတိတို့၊ အခမ်းအနားမှူးတို့ လုပ်တတ်အောင်၊ တရားဝင် ဆွေးနွေးတတ်အောင် သင်ပြပေးတယ်။ ဆော့ကစားချိန်မှာ 'မင်း' နဲ့ 'ငါ' နဲ့ ပြောပြီး ဆော့ကစားနေတဲ့ သူငယ်ချင်းတွေဟာ အသင်းအဖွဲ့ အစည်းအဝေးတွေကျတော့ 'ခင်ဗျား' နဲ့ 'ကျွန်တော်' နဲ့ ပြောပြီး လေးလေးနက်နက် ဆွေးနွေးကြရတာ ကြည်နူးစရာပါ။

စာစောင်ထုတ်ဝေရေးအဖွဲ့က ကျောင်းစာစောင်ထုတ်ဖို့ စာမူဖိတ်ခေါ်တော့ စာပေဝါသနာရှင် ကျောင်းသားတွေက ဆောင်းပါးတွေ၊ ဝတ္ထုတွေ၊ ကဗျာတွေ၊ စာညွန့်တွေ ရေးကြတယ်။ စာတည်းအဖွဲ့က ရွေးချယ်ပြီး သရုပ်ဖော်ပုံတွေနဲ့ လက်ရေးလှလှ

mgyoe.com

mgyoe.com
SAMPLE BOOK


ရေးပြီး လက်ရေးစာစောင် ထုတ်တယ်။ လက်ရေးစာစောင်က တစ်အုပ်တည်း ထုတ်နိုင်တော့ လှည့်ဖတ်ရတာပေါ့။ နောက်တော့ စာကူးစက်နဲ့ လှည့်ထုတ်တဲ့ စာစောင်ထုတ်ကြတယ်။ ဖယောင်းစက္ကူပေါ်မှာ ကညစ်နဲ့ ပုံတွေဆွဲ၊ စာတွေရေးပြီး စာကူးစက်နဲ့ ကူးတော့ စာစောင်လှလှကလေးတွေ ၅၀၊ ၁၀၀ လောက် ထုတ်နိုင်တယ်။ ဆရာ၊ ဆရာမတွေက အကြံဉာဏ်ပေးပြီး ကျောင်းသားတွေကိုယ်တိုင် လုပ်ကြတယ်။ 'ဉာဏ်စမ်းသရုပ်ဖော် ပုံပြင်ပြိုင်ပွဲ' ခေါင်းစဉ်နဲ့ ပြိုင်ပွဲလုပ်ပြီး ဆုပေးတယ်။

နှုတ်မှုစွမ်းရည်တိုးတက်ဖို့ ကျပန်းစကားပြောပြိုင်ပွဲတွေ၊ စကားရည်လုပွဲတွေ လုပ်တယ်။ စကားရည်လုပွဲအသင်းတွေ ဖွဲ့ပြီး စိန္တကျော်သူအသင်း၊ ခုံတော်မောင်ကျပန်းအသင်း၊ ဦးပေါ်ဦးအသင်း၊ ဇဝနအသင်းဆိုပြီး နာမည်တွေ ပေးတယ်။ အသင်းလေးသင်း ပတ်လည် ယှဉ်ပြိုင်ပြောခိုင်းတယ်။ တစ်ပတ်ခြားတစ်ခါ ခန်းမထဲမှာ ကျင်းပတယ်။ ကျောင်းအုပ်ဆရာမကြီးကိုယ်တိုင် သဘာပတိလုပ်ပြီး ဆရာ ဆရာမတွေက အကဲဖြတ်ဒိုင်လုပ်ကြတယ်။ နှစ်ကုန်တော့ အနိုင်ရတဲ့အသင်းကို ဆုပေးတယ်။ ဒီတော့ ကျပန်းစကားပြောပြိုင်ပွဲတို့၊ စကားရည်လုပွဲတို့လုပ်ရင် ပရိသတ်ရှေ့ ထွက်ရဲပြီး 'ပွဲတိုး' တဲ့ လူငယ်တွေ အများကြီး ပေါ်ထွက်လာတာပေါ့။ 'နှုတ်မှုစွမ်းရည်' လို့ခေါ်တဲ့ စကားပြောစွမ်းရည် ဖွံ့ဖြိုးလာအောင် ဒီပွဲတွေက အများကြီး လေ့ကျင့်ပေးလိုက်တာပါ။

၁၉၅၀ ကျော် ၆၀ အတွင်း ရန်ကုန်မှာ စကားရည်လုပွဲတွေ အင်မတန်ခေတ်စားတာ မှတ်မိနေပါတယ်။ စာရေးဆရာတွေ ကျင်းပတဲ့ စကားရည်လုပွဲမှာ 'လူသည် ခွေးထက်မိုက်သည်' ဆိုတဲ့ခေါင်းစဉ်နဲ့ နှစ်ဖက် အချေအတင် ပြောကြတဲ့အကြောင်း သတင်းစာတွေမှာ ဖတ်ရတယ်။ ရပ်ကွက်တွေမှာလည်း စာပေနဲ့ပတ်သက်တဲ့ အသင်းအဖွဲ့တွေက စကားရည်လုပွဲတွေ မကြာခဏလုပ်ကြတယ်။ ပရိသတ်ကလည်း အားပေးတယ်။ ကျွန်တော်လည်း ကျောင်းက လေ့ကျင့်ပေးလိုက်တဲ့ အရှိန်နဲ့ စကားရည်လုပွဲတွေ မကြာမကြာ ဝင်နွှဲဖြစ်ပါတယ်။ တစ်ခါတော့ တာမွေက လူငယ်အသင်းနဲ့ ကျွန်တော်တို့ ဗဟန်းက လူငယ်အသင်း စကားရည်လုကြတာ အခု တာမွေလမ်းဆုံမှာ အရင်ကရှိတဲ့ တာမွေအဝိုင်းကြီးပေါ်မှာ စင်ထိုးပြီးပြောကြတာ မှတ်မိနေတယ်။ ကားသံတွေ တပွမ်ပွမ်ကြားမှာ ပရိသတ်ကလည်း အားပေးပါတယ်။ တောင်ဥက္ကလာပ ရောက်တော့လည်း 'မာဃလုလင် ရေထမ်းအသင်း' ဆိုတဲ့ ရေအလှူအသင်းက လုပ်တဲ့ စကားရည်လုပွဲမှာ ဝင်ပြောဖြစ်ပါသေးတယ်။

ကျောင်းမှာ ပွဲလုပ်တဲ့အခါ သူငယ်ချင်းတစ်စု အဆိုတော် ဝင်လုပ်ရတာလည်း

mgyoe.com

mgyoe.com
SAMPLE BOOK


ပျော်စရာကောင်းပါတယ်။ 'ရွှေဂုံရိပ်သာ တူရိယာအဖွဲ့' က စန္ဒရားမြဦးနဲ့ သူ့ညီမ အဆိုတော် သန်းသန်းမေတို့ဟာ ကျွန်တော်တို့ ကျောင်းသားတွေမို့ ပွဲဝင်ရင် သူတို့ တူရိယာအဖွဲ့ကို ငှားလေ့ရှိပါတယ်။ ကိုမြဦးရဲ့ စန္ဒရားလက်သံနဲ့အတူ ကိုယ်ရတဲ့ သီချင်းတွေ ဝင်ဆိုကြတာပေါ့။ (အခုတော့ သူတို့မောင်နှမလည်း ကွယ်လွန်သွားပါ ပြီ။)

ကျောင်းက လှုပ်ရှားမှုတွေကို ဦးဆောင်သူကတော့ ဆရာ ဦးငြိမ်းမောင်ပါ။ နောင်အခါ မြန်မာ့အသံကို ပြောင်းရွှေ့အမှုထမ်းပြီး ဂီတစာဆို 'သူ' နာမည်နဲ့ သီချင်းတွေ ရေးပါတယ်။ ဇာတ်လမ်းတွေလည်း ရေးပါတယ်။ ကျောင်းပေါင်းစုံပြိုင်ပွဲမှာ ဆရာက သံချပ်အဖွဲ့ ဖွဲ့ပေးပြီး ကိုယ်တိုင် အိုးစည်တီးပြီး သံချပ်ထိုး ယှဉ်ပြိုင်ပါတယ်။ အာစရိယပူဇော်ပွဲမှာ ဆရာက ကျောင်းသူတွေကို ယိမ်းတိုက်ပေးတယ်၊ အငြိမ့် စီစဉ်ပေးတယ်။ ကိုယ်တိုင် မြန်မာဂီတာတီးပြီး သီချင်းဆိုပေးတယ်။

စကောက်(ကင်းထောက်) အသင်းဖွဲ့ပေးပြီး ကိုယ်တိုင် ဦးဆောင်တယ်။ ပြင်ပက ပညာရှင်တွေကိုဖိတ်ပြီး ဟောပြောပွဲလုပ်ပေးတယ်။ နေ့လယ် ကျောင်းဆင်းချိန် တွေမှာ လူစုပြီး ကျန်းမာရေးလေ့ကျင့်ခန်း လုပ်ပေးတဲ့အထိ ဆရာဦးငြိမ်းမောင်ဟာ အဘက်ဘက်မှာ ဦးဆောင်လှုပ်ရှားခဲ့ပါတယ်။ ဆရာ၊ ဆရာမတွေကလည်း လိုအပ် သလို ပါဝင်ကူညီကြပါတယ်။

ကျွန်တော်ဟာ ဗဟန်းအစိုးရ အလယ်တန်းကျောင်းက လေ့ကျင့်ပေးလိုက်တဲ့ အတွေ့အကြုံတွေကြောင့် အသင်းအဖွဲ့ကိစ္စတွေ၊ သင်ကြားရေး၊ ဟောပြောရေး ကိစ္စတွေ ကို ကိုယ်ခံကောင်းကောင်းနဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ စာဖတ်ဝါသနာရော စာရေး ဝါသနာရော ပိုထက်သန်လာပြီး အောင်မြင်မှု ရခဲ့ပါတယ်။ ပြန်စဉ်းစားရင် ဗဟန်း အစိုးရအလယ်တန်းကျောင်းလို့ခေါ်တဲ့ 'မိခင်ကျောင်းတော်' ရဲ့ ဆပ်မကုန်နိုင်တဲ့ ကျေးဇူးတရားတွေကို ဆင်ခြင်မိပြီး ပီတိဖြစ်ရပါတယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## မှတ်စုထုတ်တန်ထုတ်၊ အလွတ်ကျက်တန်ကျက်

ကျွန်တော် ဆဋ္ဌမတန်းလောက်ကတည်းက ကျောင်းသင်ခန်းစာတွေကို မှတ်စု ပြန်ထုတ်တဲ့အကျင့် ရှိတယ်။ ကျက်စာလို့ခေါ်ကြတဲ့ မြန်မာစာ၊ ရာဇဝင်၊ ပထဝီဝင်၊ အထွေထွေသိပ္ပံဘာသာရပ်တွေကို ဆရာ၊ ဆရာမတွေ သင်ထားတဲ့ မှတ်စုတွေကို သဘောပေါက်အောင်ဖတ်ပြီး အဓိကအချက်တွေကို ပြန်ပြီး မှတ်စုထုတ်လေ့ရှိတယ်။ နံပါတ်စဉ်ထိုးပြီး အဓိကအချက် ၅ ချက်၊ ၁၀ ချက် စသည်ဖြင့် မှတ်သားတယ်။ ပြီးတော့ အဲဒီအချက်တွေကို ထပ်ပြီး အတိုကောက် မှတ်စုထုတ်တယ်။ အဓိကအချက်လောက်ပဲ ကျန်တာပေါ့။ အဲဒီအချက်တွေကို ဆရာပေးတဲ့ မှတ်စုဘေးမျဉ်းအပြင်ဘက်မှာ တန်းစီရေးထားလိုက်တယ်။ အဲဒီအတိုကောက်အချက်တွေကို နံပါတ်စဉ်အတိုင်း ပြန်စဉ်းစားလိုက်ရုံနဲ့ အဓိကအချက်တွေ မှတ်ဉာဏ်ထဲမှာ အစီအရီ ပေါ်လာတယ်။ စာမေးပွဲဖြေတဲ့အခါ အဲဒီအချက်တွေကို ပြန်ချဲ့ရေးရုံပါပဲ။ အဲဒီလို မှတ်စုထုတ်ပြီး မှတ်သားတဲ့အကျင့်ဟာ သင်ခန်းစာတွေကို မှတ်သားရာမှာ အင်မတန် ထိရောက်စွဲမြဲတယ်ဆိုတာ ကိုယ်တွေ့ သိလာရပါတယ်။

ဒီနေ့ ကျောင်းသားတွေ စာမှန်သမျှ အလွတ်ကျက်ရမယ်လို့ ယူဆပြီး သဘောပေါက် နားလည်အောင် မစဉ်းစားဘဲ '၏၊ ၍၊ သည်၊ နှင့်' မကျန် အာပွတ်ကိုက်ပြီး အလွတ်ကျက်တဲ့ အကျင့်ဆိုးကြီး လွှမ်းမိုးနေလို့ အလွတ်မကျက်ပါနဲ့၊ သဘောနားလည်အောင် မှတ်သားပါလို့ လမ်းညွှန်ကြတာကို ဘယ်စာမှ အလွတ်ကျက်ဖို့မလိုဘူးလို့ အဓိပ္ပာယ်ကောက်တာလည်း မမှန်ပါဘူး။ ကျက်သင့်တဲ့စာကိုတော့

mgyoe.com

mgyoe.com
SAMPLE BOOK


အလွတ်ကျက်ရမှာပေါ့။ စိတ်ထဲမှာ စွဲမှတ်ထားရမယ့် ကိန်းဂဏန်းတွေ၊ ခုနှစ်သက္ကရာဇ်တွေ၊ ဖော်မြူလာတွေ၊ ပြီးတော့ နှုတ်ငုံဆောင်ထားသင့်တဲ့ ကဗျာလင်္ကာတွေ၊ အဆိုအမိန့်တွေ၊ အရေးအဖွဲ့ကောင်းတွေကို အလွတ်ကျက်ထားသင့်တာပေါ့။ ကျွန်တော်လည်း အဲဒီလို ကျက်စရာတွေကို အလွတ်ကျက်ခဲ့တာပါပဲ။ အနော်ရထာမင်း နန်းစံနှစ်ဆိုတာနဲ့ ၁၀၄၄–၁၀၇၇ ဆိုတာ စိတ်ထဲမှာ ပေါ်လာတယ်။ မြန်မာနိုင်ငံကို အင်္ဂလိပ်သုံးကြိမ်ကျူးကျော်တဲ့ သက္ကရာဇ်တွေကို ၁၈၂၅၊ ၁၈၅၂၊ ၁၈၈၆ လို့ အစဉ်အတိုင်း ကျက်မှတ်ထားတယ်။ ပညာအကြောင်းပြောတိုင်း 'ပညာပြည့်ဝ နှလုံးလှသော်' အစချီတဲ့ ပညာ့ဂုဏ်ကိုဖော်တဲ့ လင်္ကာပိုဒ်ကလေးကို မှတ်မိတယ်။ ၁၀ တန်းကတည်းက သင်ရတဲ့ Tennyson ရဲ့ The Brook ကဗျာထဲက 'For men may come and men may go. But I go on for ever' ဆိုတဲ့ အပိုဒ်ကလေးကို ခုအချိန်အထိ မမေ့သေးပါဘူး။ အင်းဝက မယ်နုအုတ်ကျောင်းကြီးကို မြင်လိုက်တဲ့အခါ ဆရာသိပ္ပံမောင်ဝ တအံ့တသြ ရေရွတ်လိုက်တဲ့ 'ကြီးကလည်းကြီး၊ ခိုင်ကလည်းခိုင်၊ ခံ့ကလည်းခံ့၊ အင်မတန့်ကျောင်းကြီးဖြစ်သည်' ဆိုတဲ့ လှပပြေပြစ်တဲ့ ဝါကျကလေးကိုလည်း ကျက်မှတ်ထားမိပါတယ်။ ကျက်မှတ်သင့်တာတွေကို ကျက်မှတ်ထားတော့ လိုအပ်လာရင် ချက်ချင်း ပြန်သုံးနိုင်တာပေါ့။

စိတ်ထဲမှာ မှတ်သားထားတာတွေ၊ စဉ်းစားတွေးတောမိတာတွေကိုတော့ လိုအပ်သလို ရေးချလို့ရတာမို့ အလွတ်ကျက်စရာ မလိုပါဘူး။ ဒါပေမဲ့ ခုခေတ်ကလေးအများစုက အဲဒီလို ရေးချနိုင်တဲ့ အကြောင်းအရာတွေကိုပါ ပါးစပ်က အမြှုပ်ထွက်အောင် အလွတ်ကျက်နေကြတာ တွေ့ရတယ်။ ကျက်ထားတဲ့စာ မဟုတ်ရင် မရေးတတ်ကြတော့ဘူး။ ကျွန်တော်တို့ ကျောင်းသားဘဝတုန်းက အလွတ်ကျက်လေ့မရှိတဲ့၊ ကျက်စရာမလိုဘဲ မှတ်မိနိုင်တဲ့ "အနော်ရထာမင်းကြီးသည် ပုဂံတွင် ဗုဒ္ဓသာသနာထွန်းကားအောင် ဆောင်ရွက်တော်မူခဲ့သည်" ဆိုတဲ့ ဝါကျမျိုးကိုတောင် "အနော်ရထာမင်းကြီးသည်... အနော်ရထာမင်းကြီးသည်..." လို့ အကြိမ်ကြိမ် အလွတ်ကျက်နေတဲ့ ကျောင်းသားငယ်တွေကို မြင်ရတော့ စိတ်မောမိပါရဲ့။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အလယ်တန်း စကောလားရှစ်စာမေးပွဲ

ကျွန်တော် သတ္တမတန်း(ခုနစ်တန်း)ရောက်တော့ ဆရာမကြီးက "မင်းကို စကောလားရှစ်သွင်းမယ်" လို့ ကျွန်တော့်ကို ခေါ်ပြောပါတယ်။ အလယ်တန်း ပညာသင်ဆုစာမေးပွဲလို့ခေါ်တဲ့ စကောလားရှစ်စာမေးပွဲဝင်ဖြေဖို့ စာရင်းသွင်းမယ်လို့ ဆိုလိုတာပါ။

ပြည်တွင်းဆူပူမှုကာလအတွင်း အိမ်ခြေရာခြေ မတည်ဘဲ ပြေးလွှားနေရတာမို့ ကျွန်တော့်ပညာရေးလည်း နှောင့်နှေးခဲ့ရပါတယ်။ ကျွန်တော်က ၁၉၄၉ ခုနှစ်ကတည်းက စတုတ္ထတန်းရောက်တာ၊ အခု ၁၉၅၃ ခုနှစ်ကျမှ စတုတ္ထတန်း ပြန်တက်ရတော့ ကြားမှာ လေးနှစ်ပုပ်သွားတာပေါ့။ အခု စကောလားရှစ်သွင်းမယ့်ကိစ္စ ပေါ်လာတော့ ဆရာမကြီးက နှစ် ၁၀၀ ပြက္ခဒိန်ကြည့်ပြီး ကျွန်တော့်အသက်ကို နှစ်နှစ် လျှော့လိုက်ပါတယ်။ မြန်မာလို ၁၃၀၁ ခုကို ၁၃၀၃ ခုလို့ပြင်တာပါ။ ဒါက ဆက်စပ်နေတဲ့အကြောင်းမို့ ပြောပြတာပါ။

ကျွန်တော်အပါအဝင် ခုနစ်ယောက်ကို စကောလားရှစ် သွင်းပါတယ်။ စကောလားရှစ်စာမေးပွဲအောင်ရင် ပညာသင်ဆုအဖြစ် တစ်လကို ၁၅ ကျပ်ရမှာပါ။ တက္ကသိုလ်ဝင်တန်းအထိ ရမှာဆိုတော့ ကျောင်းစရိတ် အဆင်ပြေတာပေါ့။ ကျွန်တော်တို့ ဆရာဦးသန်းတင်အောင်က ကျွန်တော်တို့ စာမေးပွဲဖြေရမယ့် ပုစ္ဆာနံတောင် အထက ၄ ကို သူ့ဂျစ်ကားနဲ့ အကြိုအပို့ လုပ်ပေးပါတယ်၊ ဂရုစိုက်ပါတယ်။

စာမေးပွဲဖြေတော့ ဘာသာတိုင်းမှာ စကောလားရှစ်ကျောင်းသားက တစ်ပုဒ်ပိုဖြေရတယ်။ မေးခွန်းမှာ 'သတ္တမတန်းနှင့် အလယ်တန်းပညာသင်ဆု စာမေးပွဲ'လို့

mgyoe.com

mgyoe.com 
SAMPLE BOOK


ခေါင်းစဉ်တပ်ထားတယ်။ ပြီးတော့ 'ပညာသင်ဆုကျောင်းသားများအတွက်သာ' လို့ မှတ်ချက်ရေးပြီး သီးသန့်မေးခွန်းတစ်ပုဒ် ထည့်သေးတယ်။ ပုံမှန်ထက် ပိုခက်တဲ့ မေးခွန်းပါ။ ကျွန်တော်ကတော့ အတတ်နိုင်ဆုံး ကြိုးစားပြီး ဖြေခဲ့ပါတယ်။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရာဇဝင်၊ ပထဝီဝင်နဲ့ အထွေထွေသိပ္ပံဘာသာတွေ ဖြေရတာပါ။ ကျွန်တော့်ခုံနံပါတ်က အေအေ ၁၇၁ ပါ။ မှတ်မိနေပါတယ်။

တစ်လလောက်ကြာတော့ သတင်းကောင်းကြားရတယ်။ ကျွန်တော်က ရန်ကုန်ခရိုင်မှာ အမှတ်အများဆုံးနဲ့ စကောလားရှစ်စာမေးပွဲ အောင်တဲ့အကြောင်းကို ဆရာမကြီးက ဝမ်းသာအားရ ခေါ်ပြောပါတယ်။ ရှေ့လျှောက်လှမ်းရမယ့် ပညာရေးခရီးအတွက် အဆင်ပြေသွားလို့ ဝမ်းသာနေမိတယ်။ သတ္တမတန်းအောင်တဲ့နှစ်က ၁၉၅၇ ခုနှစ်ပါ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## သချာတွက်ဖို့နဲ့ အင်္ဂလိပ်စာ ရေးတတ်ဖို့

၁၉၅၇ ခုနှစ်မှာ ကျွန်တော် သတ္တမတန်းအောင်တော့ ဗဟန်းအစိုးရ အထက်တန်းကျောင်း (မွေ့စေတီလမ်းက ဗဟန်း အထက ၁) ကို ပြောင်းရပါတယ်။ အဲဒီကျောင်းမှာ အဋ္ဌမတန်းနဲ့ နဝမတန်း (တက္ကသိုလ်ဝင်တန်း) နှစ်နှစ် ပညာသင်ရပါတယ်။

အဲဒီတုန်းက စနစ်အရ ဒသမတန်း(၁၀ တန်း)သီးခြားမရှိပါဘူး။ နဝမတန်းကိုပဲ ဒသမတန်း (၁၀ တန်း) လို့လည်းခေါ်လေ့ရှိပါတယ်။ တက္ကသိုလ်ဝင်တန်း (Matric) လို့လည်း ခေါ်ပါတယ်။ အဋ္ဌမတန်း(ရှစ်တန်း)ကို အကြိုတက္ကသိုလ်ဝင်တန်း (Pre matric) လို့လည်း ခေါ်ပါသေးတယ်။ အဲဒီနှစ်နှစ်ပြီးလို့ ဖြေရတဲ့စာမေးပွဲက အစိုးရစစ်စာမေးပွဲပါ။ တန်းမြင့်ကျောင်းထွက်နှင့် တက္ကသိုလ်ဝင်စာမေးပွဲ (High School Final and Matriculation Examination) လို့ခေါ်ပါတယ်။ စာမေးပွဲ အောင်စာရင်းမှာ တန်းမြင့်ကျောင်းထွက် လက်မှတ်ရအဆင့် အောင်သူနဲ့ တက္ကသိုလ်ဝင်အဆင့် အောင်သူ ဆိုပြီး ခွဲထွက်ပေးတယ်။ ကျောင်းထွက်လက်မှတ်ကို School Leaving Certificate (SLC) လို့ခေါ်ပါတယ်။ တက္ကသိုလ်ဝင်တန်းအောင်ဖို့ နောက်နှစ်မှာ နှစ်ဘာသာပဲ ပြန်ဖြေရမယ်လို့ မှတ်မိနေပါတယ်။ အဲဒီတုန်းကစနစ်ကို သိသလောက် ပြောပြတာပါ။

ကျွန်တော် တက္ကသိုလ်ဝင်တန်းရောက်တော့ သချာနဲ့ အင်္ဂလိပ်စာကို ပိုပြီး အချိန်ပေးပါတယ်။ မြန်မာစာကတော့ ငယ်ငယ်ကတည်းက စာဖတ်ဝါသနာပါပြီး စာတွေအများကြီးဖတ်ခဲ့တာရယ်၊ ဝါသနာအလျောက် စာကလေးပေကလေး ရေးစပြုနေတာရယ်ကြောင့် ကိုယ်ခံတော်တော်ရှိနေပါပြီ။ သချာကိုလည်း အတန်းတိုင်း

mgyoe.com

အစဉ်တစိုက် တွက်ခဲ့ပါတယ်။ တက္ကသိုလ်ဝင်တန်းရောက်တော့ သင်္ချာ(၁)သင်တဲ့ ဆရာဦးသန်းက "မင်း ဒီစာအုပ်ထဲက ပုစ္ဆာတွေ တွက်ပေတော့ကွာ" လို့ပြောပြီး ဆရာကြီး ဦးပန်းရည်ရေးတဲ့ ဂဏန်းသင်္ချာစာအုပ်အထူကြီးပေးထားလို့ အများကြီး တွက်ဖြစ်ပါတယ်။ သင်္ချာ(၂)ကိုလည်း ဆရာကြီး ဦးတိုးမြိုင်ရဲ့ အက္ခရာသင်္ချာ (Algebra) စာအုပ်နဲ့ ဆရာကြီး ဦးဘိုးသုန်ရဲ့ ဂျီသြမေတြီ (Geometry) နှစ်တွဲကို ကျေညက်အောင် တွက်ပါတယ်။ ဂျီသြမေတြီသီအိုရမ်တွေ ၅၂ အထိ ကျေညက်အောင် လုပ်ထားပြီးပါပြီ။ ပုစ္ဆာတွေလည်း တွက်ပါတယ်။

သင်္ချာတစ်ပုဒ်ကို ချက်ချင်းတွက်လို့မရရင် ကိုယ့်ကို 'စိန်ခေါ်' နေသလို ခံစားရပြီး စိတ်ထဲမှာ တနုံ့နုံ့ဖြစ်နေတတ်ပါတယ်။ တွက်လို့မရတဲ့ ဂျော်မက်ထရီပုစ္ဆာ၊ ဒါမှမဟုတ် အက္ခရာသင်္ချာပုစ္ဆာကို ထမင်းစားရင်းလည်း စဉ်းစား၊ ရေချိုးရင်းလည်း စဉ်းစားနေ တတ်ပါတယ်။ စိတ်ထဲမှာ တွက်နည်းကို ဖြုန်းခနဲ စဉ်းစားမိတာနဲ့ ဝမ်းသာသွားပြီး ချက်ချင်းထတွက်တတ်ပါတယ်။ အဖြေရတော့ ပျော်သွားတာပေါ့။ သင်္ချာနဲ့ပတ်သက်တဲ့ ကျွန်တော့်ခံစားချက်ပါ။ တွက်လို့မရဘူးဆိုပြီး ဘယ်တော့မှ လက်မလျှော့ခဲ့ပါဘူး။

အင်္ဂလိပ်စာကိုလည်း အရေးလေ့ကျင့်ပါတယ်။ အင်္ဂလိပ်စာရေးတတ်ဖို့ ကျွန်တော့်ကို ကျေးဇူးပြုတဲ့စာအုပ်တွေကို သတိရပါတယ်။ ပထမစာအုပ်က Uvenia (ယူဗီးနီးယား) ရဲ့ Junior Special English Course ပါ။ အင်္ဂလိပ်သဒ္ဒါနည်းတွေကို မြန်မာလို ရှင်းပြထားတဲ့စာအုပ်ပါ(ယူဗီးနီးယားဆိုတာ ဦးဝိနယဆိုတဲ့ ဘုန်းတော်ကြီး ဘွဲ့ပါ။) ကိုယ်တိုင်သင်ကြားနေသလို ရှင်းလင်းပါတယ်။ အဲဒီစာအုပ်ကို သေသေ ချာချာဖတ်ပြီး သဒ္ဒါအခြေခံ ရခဲ့ပါတယ်။ နောက်တစ်အုပ်က P.C.Wren ရဲ့ English Grammar and Composition ပါ။ အဲဒီထဲက သာဓကဝါကျတွေ အများကြီး လေ့လာပြီး အသုံးအနှုန်းတွေ အများကြီး သိလာရပါတယ်။ ဆရာတက်တိုး လစဉ် ထုတ်တဲ့ Student's Review စာသင်သားဂျာနယ်ကလည်း အများကြီး အထောက် အကူပြုပါတယ်။ မှတ်စုအဖြေစုံ ပုံစံမျိုးမဟုတ်ဘဲ ရေးတတ်အောင် နည်းလမ်းညွှန်ပြ တာတွေ အများကြီးပါပါတယ်။

၁၉၅၈–၅၉ တက္ကသိုလ်ဝင်တန်းအတွက် ပြဋ္ဌာန်းထားတဲ့ အင်္ဂလိပ်စာအုပ်က သုံးအုပ်ပါ။ Dr Htin Aung (ဒေါက်တာထင်အောင်)ရေးတဲ့ Thirty Burmese Tales (မြန်မာပုံပြင်သုံးဆယ်) ရယ်၊ Golden Gate (ရွှေတံခါးဝ) အင်္ဂလိပ်ကဗျာစု ရယ်၊ Selections from English Prose (အင်္ဂလိပ်စကားပြေကောက်နုတ်ချက်)ရယ်၊

mgyoe.com

mgyoe.com


အဲဒီသုံးအုပ်ပါ။ ကျောင်းမှာ ကျွန်တော်တို့ရဲ့ အင်္ဂလိပ်စာဆရာမ ဒေါ်ခင်အေးမြင့်က သေသေချာချာသင်ပေးလို့ နားလည်သဘောပေါက်ပါတယ်။ ဒါပေမဲ့ စာမေးပွဲဖြေရင်တော့ နားလည်တာကို ကိုယ်တိုင် ပြန်ရေးပြရမှာဖြစ်တဲ့အတွက် အင်္ဂလိပ်စာ မှန်မှန်သွက်သွက် ရေးတတ်ဖို့ လိုလိမ့်မယ်လို့ တွေးမိပါတယ်။ ဒါကြောင့် တက္ကသိုလ်ဝင်တန်းရောက်တဲ့အခါ အင်္ဂလိပ်စာကို အချိန်ယူပြီး လေ့ကျင့်ရပါတယ်။ မြန်မာပုံပြင် သုံးဆယ်ထဲက လွယ်ကူလှပတဲ့ အသုံးတွေကို ပြန်သုံးတတ်အောင် လေ့ကျင့်ရေးသားရပါတယ်။ Golden Gate က ကဗျာဆိုတော့ ခက်ပါတယ်။ စကားပြေနဲ့ ပြန်ရေးတတ်အောင် လေ့ကျင့်ရပါတယ်။ English Prose လည်း ခက်တာပါပဲ။ ကမ္ဘာကျော် ဝတ္ထုတိုတွေဖြစ်တဲ့ Rip Van Winkle (ရစ်ဗန်ဝင်းကဲ)တို့၊ Great Stone Face (ကျောက်မျက်နှာကြီး) တို့ ပါပါတယ်။ အရေးအသား ရှေးကျပြီး ခက်တယ်။ ဒါကြောင့် လွယ်လွယ်ပြန်ရေးတတ်အောင် လေ့ကျင့်ရပါတယ်။ 'တက္ကသိုလ်ဝင်စာမေးပွဲမှာ အင်္ဂလိပ်စာမရေးတတ်လို့မဖြစ်ဘူး' လို့ အလေးအနက်တွေးမိတာနဲ့ ရေးတတ်အောင် တော်တော်အချိန်ယူလိုက်ပါတယ်။ စာမေးပွဲနီးလာတော့ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်တွေမှာ ကျောင်းကို တစ်ယောက်တည်းသွားပြီး ကိုယ့်အခန်းထဲဝင်ပြီး တစ်နေကုန် အရေးလေ့ကျင့်ပါတယ်။ တော်တော်ရေးတတ်လာလို့ ကျေနပ်သွားပါတယ်။

စာကျက်၊ စာဖတ်တာနဲ့ပတ်သက်ပြီး ထူးထူးခြားခြား လုပ်ခဲ့ကြတာကလေး ရှိပါတယ်။ ကျွန်တော့်သူငယ်ချင်း ကာတွန်းဝင်းမောင် ('မိမော်မေမ' ရုပ်ပြနဲ့ ထင်ရှားပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ ကွယ်လွန်သွားသူ) နဲ့ နှစ်ယောက်အတူ အာဇာနည်ဗိမာန်ကို သွားပြီး ဂူတွေကို နောက်ကျောမှီပြီး စာကျက်ကြဖူးပါတယ်။ အာဇာနည်ကုန်းက အိမ်နဲ့နီးတော့ စာမေးပွဲနီးချိန်မှာ နှစ်ယောက်သွားကြတာပါ။ အာဇာနည်ဗိမာန်က အခု ပြန်ပြင်ဆောက်ထားတဲ့ အဆောက်အအုံ မဟုတ်သေးပါဘူး။ အရင်က အဆောက်အအုံထဲမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်တွေ ဂူကိုးလုံး တန်းစီဆောက်ထားတာပါ။ အဲဒီဂူတွေကို ကျောမှီပြီး လေကလေးတဖြူးဖြူးတိုက်တာခံစားရင်း အေးအေးဆေးဆေး စာကျက်ကြတာပါ။ အမှတ်တရဖြစ်ရပါတယ်။

ဒီလိုနဲ့ စာမေးပွဲဖြေရတဲ့ ၁၉၅၉ ခု၊ မတ်လကို ရောက်လာပါတယ်။ ကျွန်တော်တို့ကျောင်းက ကျောင်းသားတွေ တီတီစီ (ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း) မှာ ဖြေရပါတယ်။ အခက်အခဲမရှိဘဲ ဖြေနိုင်ခဲ့ပါတယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# ဖြေသူ သုံးရာ့ခြောက်ဆယ်မှာ

ဇွန်လမှာ အောင်စာရင်းထွက်တယ်။ ကျွန်တော်တို့ကျောင်းက ဖြေသူ ၃၆၀ ဖြေတာ တစ်ယောက်ပဲ အောင်တယ်။ အဲဒီတစ်ယောက်က ခုံနံပါတ် ၇၇၄–ကျွန်တော်ပါ။ (အဲဒီတုန်းက ခုံနံပါတ်ရှေ့မှာ မြို့နယ်သင်္ကေတတွေ မထည့်သေးပါဘူး။) ဒါ့အပြင် မြန်မာစာနဲ့ သချ်ာ ဂုဏ်ထူးရပါတယ်။

အဲဒီတုန်းက တက္ကသိုလ်ဝင်တန်း အောင်စာရင်းကို သတင်းစာတွေမှာ ဖော်ပြလေ့ရှိပါတယ်။ မှတ်မိနေတာ အောင်တဲ့ခုံနံပါတ်တွေက ၅၀ ကျော်က စပါတယ်။ နောက်တော့ ၁၅၀ တို့ ၁၇၄ တို့ စသည်ဖြင့် နံပါတ်တွေ အများကြီး ခုန်ကျော်သွားပါတယ်။ အောင်သူနည်းတဲ့နှစ်ပါ။ ၃ ဒသမ ၈ ရာခိုင်နှုန်းပဲ အောင်တယ်လို့ သိရပါတယ်။

နှစ်ဘာသာ ဂုဏ်ထူးရတယ်ဆိုလို့ ခုခေတ်လူငယ်တွေက 'ဒါလေးများ' လို့ ပြောမလားမသိဘူး။ အဲဒီတုန်းက ခုခေတ်မှာလို ဂုဏ်ထူးရသူ မများသေးပါဘူး။ အများဆုံး သုံးဘာသာ၊ လေးဘာသာပဲ ဂုဏ်ထူးရပါတယ်။ ရတဲ့သူကလည်း သုံးလေးယောက်ပါ။ နှစ်ဘာသာဂုဏ်ထူးလည်း နည်းပါတယ်။ ပြီးတော့ သုံးဘာသာ၊ လေးဘာသာ ဂုဏ်ထူးရသူတွေက သိပ္ပံဘာသာတွဲ ယူကြတဲ့သူတွေပါ။ (နောက်တော့ အမှတ်အများဆုံး လူ ၁၀၀ ကို စကောလားရှစ်ပေးတဲ့စာရင်းထွက်တာမှာ ကျွန်တော့် အမှတ်စဉ်က ၅၂ ပါ။ အပေါ်ကလူ ၅၀ လောက်က သိပ္ပံဘာသာတွဲတွေမို့ ဝိဇ္ဇာဘာသာတွဲမှာဆိုရင် ကျွန်တော့်အမှတ်စဉ်က ၂ ဖြစ်မယ်လို့ တွက်မိပါတယ်။)

mgyoe.com

mgyoe.com SAMPLE BOOK


ဒါ့အပြင် ထူးခြားတာက အဲဒီနှစ်မှာ မြန်မာစာဂုဏ်ထူးရတဲ့သူ ကျွန်တော် တစ်ယောက်တည်း ရှိတာပါပဲ။ ဒါကြောင့် တစ်နိုင်ငံလုံးမှာ မြန်မာစာ အမှတ်အများ ဆုံးရသူအဖြစ် ငွေတာရီရွှေတံဆိပ်ဆု ရခဲ့ပါတယ်။ ကွယ်လွန်သူ ကဗျာဆရာမ ငွေတာရီ အထိမ်းအမှတ်အဖြစ် ခင်ပွန်း ဆရာမင်းယုဝေက ပေးတာပါ။ ဆရာလှသမိန်ကလည်း မြန်မာစာအမှတ်အများဆုံးရသူကို ရွှေတံဆိပ်ပေးမယ်လို့ ကြေညာထားတာမို့ လှသမိန် ရွှေတံဆိပ်ဆုလည်း ကျွန်တော် ရပါတယ်။ ဆရာလှသမိန်က မြန်မာစာပေပညာရှင် စာရေးဆရာပါ။ ၁၀ တန်းအောင်တာဟာ ကျွန်တော့်ဘဝအတွက် အင်မတန် အရေး ပါတဲ့ အလှည့်အပြောင်းတစ်ခုပါပဲ။

စာမေးပွဲဖြေပြီး ကြိုတင်စဉ်းစားထားတာက တကယ်လို့ ၁၀ တန်းမအောင်ရင် ရုံးမှာ ရရာအလုပ် ဝင်လုပ်ပြီး ၁၀ တန်း ထပ်ဖြေမယ်။ ၁၀ တန်းအောင်ရင်တော့ အလုပ်လုပ်ရင်း သက်ကြီးတက္ကသိုလ် (နောင် လုပ်သားများကောလိပ်) ဆက်တက်မယ် လို့ စဉ်းစားထားတာပါ။ တက္ကသိုလ်တက်ဖို့ကတော့ အိပ်မက်တောင် မမက်ဝံ့ပါဘူး။ အဲဒီအချိန်မှာ ကျွန်တော့်မိခင်ကြီးလည်း ကွယ်လွန်သွားခဲ့ပြီမို့ အဒေါ်ကြီးနဲ့ အဒေါ်ကြီး သမီး အစ်မ အပျိုကြီးနှစ်ယောက်က ကျွန်တော့်ကို ကျွေးမွေးစောင့်ရှောက်ထားတာပါ။ မိဘမဲ့ဘဝမှာ အဒေါ်နဲ့ အစ်မတွေရဲ့ မေတ္တာရိပ်ကို ခိုလှုံကြီးပြင်းခဲ့ရတာပါ။ သူတို့ ခများလည်း လက်လုပ်လက်စားတွေမို့ ကျွန်တော့်ကို တက္ကသိုလ် မပို့နိုင်ပါဘူး။ ဒါကြောင့် အလုပ်လုပ်ဖို့ ဆွေမျိုးလိုခင်မင်တဲ့ ဦးလေးတစ်ယောက်ကို အကူအညီ တောင်းတော့ သူလုပ်နေတဲ့ ကောက်ပဲသီးနှံရုံးမှာ အောက်တန်းစာရေးလျှောက်ဖို့ ဦးလေးက လျှောက်လွှာယူလာပေးပြီး သူ ကူညီမယ်လို့ ပြောပါတယ်။ အလုပ်လျှောက် ဖို့ အဆင်သင့်ဖြစ်နေပါပြီ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# အိပ်မက်တောင် မမက်ဝံ့တဲ့ တက္ကသိုလ်မှာ

ကျွန်တော် ရန်ကုန်တက္ကသိုလ်တက်ဖို့ အိပ်မက်တောင် မမက်ဝံ့ခဲ့ပေမဲ့ တကယ် တက်ဖြစ်ခဲ့ပါတယ်။

အောင်စာရင်းထွက်ပြီး ကျောင်းကိုသွားတော့ ဆရာ၊ ဆရာမတွေက အကျိုးအကြောင်းမေးလို့ အလုပ်လုပ်မယ့်အကြောင်း ပြောတဲ့အခါ အားလုံးက တက္ကသိုလ်ဆက်တက်ဖို့ တိုက်တွန်းကြတယ်။ "နှမြောစရာကြီးကွယ်၊ တက္ကသိုလ်ဆက်တက်ဖြစ်အောင် တက်ပါ။ ဂုဏ်ထူးနှစ်ခုရထားတော့ စကောလားရှစ်ဖြစ်ဖြစ်၊ စတိုင်ပင်ဖြစ်ဖြစ် ရမှာသေချာတယ်" လို့ အကြံပေးကြတယ်။ အိမ်က အဒေါ်ကြီးနဲ့ အစ်မတွေကို တိုင်ပင်ကြည့်တော့ "ဆရာ ဆရာမတွေပြောသလို ဖြစ်လာမှာပေါ့၊ ဆက်တက်ပါ" လို့ တိုက်တွန်းကြတယ်။ "တို့ကို ပြန်လုပ်ကျွေးဖို့ မလိုသေးဘူး။ နင့်ပညာရေးအတွက်သာ ကြိုးစားပါ" လို့ အားပေးကြတယ်။

အခန့်သင့်တာက အဲဒီနှစ်အတွက် အလယ်တန်း စကောလားရှစ် တစ်လ ၁၅ ကျပ်နှုန်းနဲ့ တစ်နှစ်စာ ၁၈၀ ကို အဲဒီအချိန်မှာ စုထုတ်ပေးတော့ အဲဒီပိုက်ဆံနဲ့ တက္ကသိုလ်မှာ ကျောင်းအပ်ဖို့ အဆင်ပြေသွားပါတယ်။ ဒါနဲ့ပဲ စကောလားရှစ်ရဖို့ မျှော်လင့်ချက်ထားပြီး မဝံ့မရဲ ကျောင်းအပ်လိုက်တယ်။ အလယ်တန်းကျောင်းက ဆရာမကြီး ဒေါ်ပုလေးနဲ့ ဆရာ၊ ဆရာမတွေက ကျွန်တော့်အောင်မြင်မှုအတွက်ဆိုပြီး ငွေ ၁၀၀ ချီးမြှင့်တာလည်း အမှတ်တရပါပဲ။

ရန်ကုန်တက္ကသိုလ် တက်တယ်ဆိုပေမဲ့ တက္ကသိုလ်မြေမှာ ခြေမချရသေးပါ

mgyoe.com

mgyoe.com
SAMPLE BOOK


ဘူး။ ပထမနှစ် (ဥပစာတန်း) မှာ ဝိဇ္ဇာဘာသာတွဲယူတဲ့သူတွေက ထီးတန်းကောလိပ်၊ (ကြည့်မြင်တိုင် အထက ၂ အဆောက်အအုံ) မှာ တက်ရတယ်။ သိပ္ပံဘာသာတွဲယူသူတွေက ရန်ကင်းကောလိပ် (ရန်ကင်း အထက ၁ အဆောက်အအုံ) မှာ တက်ရတယ်။ ကျွန်တော်က ဝိဇ္ဇာဘာသာတွဲယူတော့ ထီးတန်းကောလိပ် တက်ရတာပေါ့။ အဲဒီအချိန်မှာ ကျွန်တော်တို့မိသားစု တောင်ဥက္ကလာပ၊ ၁၃ ရပ်ကွက်ကို ရောက်နေပါပြီ။ ရန်ကင်းကောလိပ်နဲ့ ပိုနီးပေမဲ့ ဝိဇ္ဇာယူချင်တော့ ဝေးဝေးလံလံပဲ ထီးတန်းကောလိပ်ကို တက်ရတယ်။ ကန်ဘဲ့ဘူတာက မြို့ပတ်ရထားစီးပြီး ဟုမ်းလမ်း(ပန်းလှိုင်လမ်း)ဘူတာမှာ ဆင်းရတယ်။ နည်းနည်းလမ်းလျှောက်ရင် ကျောင်းရောက်ရော။

အဲဒီနှစ်က သိပ်ပင်ပန်းပါတယ်။ မြို့တည်စမို့ မိုးတွင်းမှာ တောင်ဥက္ကလာပမြို့ထဲကို ဘတ်စ်ကားတွေ မဝင်နိုင်ဘူး၊ လမ်းတွေလည်း မပြီးသေးဘူး။ ဒီတော့ ကန်ဘဲ့ဘူတာကို အိမ်က လမ်းလျှောက်သွားရတယ်။ ကျောင်းမှာ ၉ နာရီ အတန်းမိဖို့ အိမ်က ၆ နာရီခွဲလောက် ထွက်ရတယ်။ မိုးတွင်းဆိုရင် အသွားအပြန် ရွှံ့တွေ၊ ဗွက်တွေထဲမှာ ခါးတောင်းကျိုက်ပြီး သွားရတယ်။ ပြန်ရောက်တော့ ပင်ပန်းပြီး အိပ်ချင်ပေမဲ့ မအိပ်ချင်အောင် လက်ဖက်ရည်ခါးခါးသောက်ပြီး ညဉ့်နက်တဲ့အထိ စာဖတ်ရပါတယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## မြန်မာစာလား၊ သချာ်လား

ဥပစာတန်း(က) (ပထမနှစ်)မှာ ကျွန်တော်ယူတဲ့ ဘာသာတွဲက စိတ်ကြိုက်မြန်မာစာ၊ အနောက်တိုင်းရာဇဝင်၊ တက္ကဗေဒ(လောဂျစ်)ဘာသာတွဲပါ။ အင်္ဂလိပ်လို O.B. History, Logic လို့ခေါ်တယ်။ ဘာသာတွဲသင်္ကေတက GG ပါ။ ကျွန်တော့် ခုံနံပါတ်က GG ၃၁ ပါ။

အဲဒီတုန်းက ခုလို အဓိကဘာသာစနစ် (အထူးပြုဘာသာစနစ်) မဟုတ်သေးပါဘူး။ ဘာသာတွဲစနစ်ကို ကျင့်သုံးပါတယ်။ ဥပစာတန်းမှာ မြန်မာစာနဲ့ အင်္ဂလိပ်စာက မယူမနေရ ဘာသာတွေပါ။ ပြီးတော့ ဘာသာသုံးခုပါတဲ့ ဘာသာတွဲတစ်ခုခု ယူရတယ်။ ယူနိုင်တဲ့ ဘာသာတွဲတွေကို စာရင်းထုတ်ပြန်ပေးထားတယ်။ ကျွန်တော်က ဝါသနာလည်းပါ၊ ဂုဏ်ထူးလည်းရခဲ့တဲ့ မြန်မာစာရော သချာ်ရော ယူချင်တာပေါ့။ ဒါပေမဲ့ စိတ်ကြိုက်မြန်မာစာနဲ့ သချာ်က အချိန်ဇယားမှာ တစ်ချိန်တည်း အတူတူ သင်တာမို့ တစ်ခုပဲ ယူလို့ရတယ်။ စိတ်ကြိုက်မြန်မာစာယူရင် သချာ်ယူလို့မရဘူး။ သချာ်ယူရင် စိတ်ကြိုက်မြန်မာစာ ယူလို့မရဘူး။ စိတ်ကြိုက်မြန်မာစာနဲ့ သချာ်တွဲထားတဲ့ ဘာသာတွဲမရှိဘူး။ ဒီတော့ မြန်မာစာယူမလား၊ သချာ်ယူမလား စဉ်းစားရတော့တာပေါ့။

ငယ်ငယ်ကတည်းက သချာ်တွက်ရတာ ပျော်စရာကောင်းတာမို့ သချာ်ကို လက်မလွှတ်ချင်ဘူး။ မြန်မာစာ ဖတ်ရ ရေးရတာလည်း ပျော်စရာကောင်းတာပဲ။ ဒါပေမဲ့ အဲဒီအချိန်မှာ ကျွန်တော်က စာရေးဆရာပေါက်စဖြစ်နေပြီး မဂ္ဂဇင်းစာစောင်

mgyoe.com

mgyoe.com
SAMPLE BOOK


တွေမှာ စာကလေးတွေ ရေးစပြုနေပြီး ကလောင်နာမည်လည်း ရှိနေပြီဆိုတော့ စိတ်က မြန်မာစာဘက်ကို အလေးသာသွားပါတယ်။ ဒါကြောင့် သင်္ချာကို နှမြောခြင်းကြီးစွာနဲ့ စွန့်လွှတ်လိုက်ရပါတယ်။ အခုအထိ ၁၀ တန်းတုန်းက သင်ခဲ့တဲ့ အက္ခရာသင်္ချာ ဖော်မြူလာတွေ၊ ဂျော်မက်ထရီ သီအိုရမ်တွေကို တစ်ခါတစ်ခါ ရွတ်ဆိုနေမိပါသေးတယ်။ (နောင်အခါ တက္ကသိုလ်ဆရာဖြစ်တော့ ပုသိမ်မှာ တာဝန်ကျတုန်း ပုသိမ်ကောလိပ်ကျောင်းအုပ်ကြီး ဦးကိုလေးကို အဲဒီအကြောင်း ပြောပြဖူးပါတယ်။ သင်္ချာယူချင်ရက်နဲ့ စွန့်လွှတ်လိုက်ရတဲ့အကြောင်းပေါ့။ ဆရာကြီးက "ခင်ဗျားက သင်္ချာအတွေးအခေါ် ရှိပြီးသားပဲ။ ဘယ်ဘာသာပဲယူယူ သင်္ချာတွက်သလို စနစ်တကျ တွေးခေါ်စဉ်းစားတတ်မှာပါ" လို့ ထင်မြင်ချက်ပေးဖူးပါတယ်။)

စိတ်ကြိုက်မြန်မာစာ သင်ရတော့လည်း ပျို့၊ မော်ကွန်း၊ ရတု၊ စကားပြေ အစရှိတဲ့ ရှေးခေတ်မြန်မာစာပေတွေကို နှစ်နှစ်သက်သက်၊ မက်မက်မောမော လေ့လာခဲ့ပါတယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## စကောလားရှစ် ပြန်အပ်ရတဲ့ ကျွန်တော်

တစ်နေ့မှာ ထိးတန်းကောလိပ်က ကြေညာချက်တွေ ကပ်တဲ့ သင်ပုန်းမှာ ကြေညာချက် တစ်ခုတွေ့လို့ ဖတ်ကြည့်တော့ 'ဒေါ်စိတ်ကြည်၏ ထောက်ပံ့ကြေး' လို့ ခေါင်းစဉ်တပ် ထားတာ တွေ့တယ်။ ဒေါ်စိတ်ကြည်ဆိုတဲ့ အမျိုးသမီးကြီး ကွယ်လွန်သွားလို့ သူ့ ခင်ပွန်းက ကွယ်လွန်သူဇနီးကို အထိမ်းအမှတ်ပြုပြီး ထောက်ပံ့ကြေးပေးမယ့်အကြောင်း ဖော်ပြထားတယ်။ ပညာသင်ဖို့ အခက်အခဲရှိတဲ့ ကျောင်းသားကို တစ်လ ၇၅ ကျပ်နှုန်း နဲ့ ဘွဲ့ရတဲ့အထိ လေးနှစ် ချီးမြှင့်မယ်လို့ ဆိုပါတယ်။ လျှောက်ထားချင်တဲ့သူ လျှောက် ထားဖို့ မော်ကွန်းထိန်းက ကြေညာချက် ထုတ်ထားတာပါ။

ကျွန်တော်လည်း လျှောက်ဖို့ပြင်ဆင်ပြီး လျှောက်လိုက်ပါတယ်။ အခန့်သင့် ချင်တော့ ကျွန်တော်တို့ တောင်ဥက္ကလာပ၊ ၁၃ ရပ်ကွက်မှာ နေထိုင်တဲ့ လက်ထောက် သာသနာညွှန်ကြားရေးဝန် ဆရာကြီး ဦးလေးမောင်က စကားရည်လုပွဲတစ်ခုမှာ သဘာပတိလုပ်တုန်းက အဲဒီစကားရည်လုပွဲမှာ ကျွန်တော် ဝင်ပြိုင်ပြောဆိုတာ သဘော ကျပြီး အမှတ်တရရှိနေတာပါ။ ကျွန်တော် ထောက်ခံစာသွားတောင်းတော့ ကောင်း ကောင်း ရေးပေးလိုက်ပါတယ်။ စာများများဖတ်ဖို့လည်း တိုက်တွန်းတယ်။ ၁၃ ရပ်ကွက် သူကြီး ဦးဉာဏ်ကလည်း ထောက်ခံစာရေးပေးပါတယ်။

အဲဒီနောက်မှာ စကောလားရှစ်စာရင်း ထွက်လာတယ်။ ရှေ့မှာပြောခဲ့တဲ့အတိုင်း တက္ကသိုလ်ဝင်တန်း စာမေးပွဲမှာ အမှတ်အများဆုံးရတဲ့လူ ၁၀၀ ကို စကောလားရှစ် ပေးတဲ့စာရင်းပါ။ ကျွန်တော့်အမှတ်စဉ်က ၅၂ ပါ။ ဒါပေမဲ့ စကောလားရှစ်က တစ်လ

mgyoe.com

mgyoe.com
SAMPLE BOOK


၇၅ ကျပ်နှုန်းနဲ့ နှစ်နှစ်ပေးမယ်လို့ ပါပါတယ်။ အရင်ကတော့ ဘွဲ့ရတဲ့အထိ လေးနှစ်ပေးတာပါ။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ဝမ်းသာပြီး စိတ်အေးသွားပါတယ်။ စကောလားရှစ် ပထမအကြိမ်ထုတ်ပေးတော့ ခုနစ်လအတွက် ၅၂၅ ကျပ် ထုတ်ပေးပါတယ်။ ရန်ကုန်တက္ကသိုလ် ငွေလက်ခံဌာနမှာ ကျောင်းသားကတ်ပြပြီး သွားထုတ်ရတယ်။ ၅၂၅ ကျပ်ဆိုတာ အဲဒီခေတ်က တော်တော်များပါတယ်။ အိမ်က အဒေါ်နဲ့ အစ်မတွေကိုလည်း ကန်တော့၊ လိုအပ်တာတွေလည်း ဝယ်ရတယ်။ တော်တော်ပျော်သွားပါတယ်။

ဒေါ်စိတ်ကြည် ထောက်ပံ့ကြေးကို ကျွန်တော့်ကိုပေးကြောင်း ကြေညာချက်ထွက်လာတော့ ပိုပြီးပျော်သွားတာပေါ့။ ဒါပေမဲ့ မကြာခင်မှာ ကျွန်တော့်အိမ်ကို စာတစ်စောင် ရောက်လာတယ်။ တက္ကသိုလ်ကောင်စီရဲ့ ဆုံးဖြတ်ချက်ပါ၊ ကျောင်းသားတစ်ယောက်ဟာ စကောလားရှစ်ရော စတိုင်ပင်ရော ယူခွင့်မရှိတဲ့အတွက် ကြိုက်ရာတစ်ခုသာယူဖို့ တက္ကသိုလ်ကောင်စီက ဆုံးဖြတ်တဲ့အကြောင်းပါ။ မော်ကွန်းထိန်း ဦးမောင်မောင်စိန် လက်မှတ်ထိုးထားပါတယ်။

ကျွန်တော်လည်း စဉ်းစားရတော့တာပေါ့။ စကောလားရှစ်ရော ဒေါ်စိတ်ကြည်ထောက်ပံ့ကြေးရော ကျွန်တော် တန်ဖိုးထားပါတယ်။ ဒါပေမဲ့ စကောလားရှစ်က နှစ်နှစ်ပဲ ပေးမယ်၊ ဒေါ်စိတ်ကြည် ထောက်ပံ့ကြေးက ဘွဲ့ရတဲ့အထိ လေးနှစ်ပေးမယ်ဆိုတော့ ကျွန်တော့်ပညာရေးခရီး ဆုံးတဲ့အထိ သွားနိုင်ဖို့ လေးနှစ်ပေးတဲ့ ဒေါ်စိတ်ကြည်ထောက်ပံ့ကြေးကိုပဲ ရွေးဖို့ ဆုံးဖြတ်လိုက်ရပါတယ်။ အဲဒီအကြောင်း မော်ကွန်းထိန်းဆရာ ဦးမောင်မောင်စိန်ကို တင်ပြတော့ ဆရာက "အဆင်ပြေအောင် စီစဉ်ပေးပါ့မယ်" လို့ပြောပြီး ကျွန်တော် ထုတ်ထားပြီးတဲ့ စကောလားရှစ်ကို အစိုးရဆီ ပြန်အပ်ပြီး ဒေါ်စိတ်ကြည်ထောက်ပံ့ကြေး ထုတ်ပေးဖို့ ညှိနှိုင်းစီစဉ်ပေးပါတယ်။ ဒါနဲ့ပဲ အဆင်ပြေသွားပြီး လစဉ်ငွေစာရင်းဌာနမှာ ထောက်ပံ့ကြေး ၇၅ ကျပ်ကို သွားထုတ်ရပါတယ်။ တာဝန်ခံထုတ်ပေးတဲ့ ဒေါ်ခင်တင့်နဲ့လည်း ခင်မင်သွားပါတယ်။

အစိုးရချီးမြှင့်တဲ့ စကောလားရှစ်ကို ပြန်အပ်ရတဲ့ ကျောင်းသားဆိုလို့ ကျွန်တော်တစ်ယောက်တည်း ရှိမယ်ထင်ပါတယ်။ ဘဝမှာ အမှတ်တရပါပဲ။

ကျေးဇူးရှင် ဒေါ်စိတ်ကြည်ရဲ့ ခင်ပွန်း 'ဦးဟုတ်စွန်း' က ကျောက်မြောင်း၊ မနော်ဟရီလမ်းမှာ နေတယ်လို့ သိရပါတယ်။ သွားတွေ့ဖို့ ကောင်းတယ်ဆိုတာလည်း သိပါတယ်။ ဒါပေမဲ့ အဲဒီတုန်းက အားငယ်စိတ်ကြောင့် ကျွန်တော် သွားမတွေ့ရဲခဲ့

mgyoe.com

mgyoe.com
SAMPLE BOOK


ပါဘူး။ မမြင်ဖူးလိုက်တဲ့ ဒေါ်စိတ်ကြည်နဲ့ ဦးဟုတ်စွန်းမိသားစုကို မကြာခဏ သတိရပြီး မေတ္တာပို့နေပါတယ်။

မှတ်မိနေတာတစ်ခုက အဲဒီနှစ်မှာ 'ကျောင်းသားပွဲတော်' ကျင်းပတာပါ။ ၁၉၆၀–၆၁ ပညာသင်နှစ်မှာပါ။ တက္ကသိုလ်ကျောင်းသားသမဂ္ဂ(တကသ)က ကြီးမှူးပြီး နှစ်နှစ် တစ်ကြိမ် ကျင်းပတာ စတုတ္ထအကြိမ်မြောက်လို့ သိရပါတယ်။ တက္ကသိုလ်စာတိုက်ရှေ့နဲ့ ဝိဇ္ဇာအဆောက်အအုံ(ဂျပ်ဆင်)ရှေ့မှာ ဇာတ်စင်တွေထိုးပြီး ကပွဲတွေတင်ဆက်ကြတယ်။ နာမည်ကျော် 'ချင်းတွင်းဒိုးပတ်အဖွဲ့' ရဲ့ သံချပ်တွေ လူကြိုက်များပါတယ်။ ဝိဇ္ဇာဆောင်ရှေ့မှာ ကိုမြတ်လေးတို့၊ စန္ဒရားချစ်ဆွေတို့ကို တစ်ညလုံးအားပေးခဲ့ကြတာ မှတ်မိနေပါတယ်။ ဒီဇင်ဘာလမို့ ချမ်းချမ်းနဲ့ အိပ်ငိုက်နေချိန် မနက် ၄ နာရီလောက်မှာ ဝေဝေစည်စည် စန္ဒရားသံနဲ့အတူ 'ရေမြေဆုံးစေတော့' လို့ ဟစ်ကြွေးလိုက်တဲ့ မာမာအေးရဲ့သီချင်းသံပေါ်လာလို့ ပရိသတ် နိုးကြားသွားတာ အမှတ်တရပါပဲ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# ရန်ကုန်တက္ကသိုလ်မှာ ကျောင်းသား၊ ဘ၀တက္ကသိုလ်မှာ ဆရာ

ကျွန်တော် ဥပစာ(ခ)တန်း အောင်စာရင်းထွက်ပြီး ကျောင်းမဖွင့်သေးခင် တစ်နေ့မှာ ကမာရွတ်က သူငယ်ချင်းအိမ်ကို သွားတုန်း ကျွန်တော့်နာမည်ကို လှမ်းခေါ်လို့ ကြည့်လိုက်တော့ ဆရာ ဦးအောင်သန်းဖြစ်နေတယ်။ ဆရာက ၁၀ တန်းတုန်းက ကျွန်တော့်ကို မြန်မာစာသင်ခဲ့တဲ့ ဆရာပါ။ ဆရာ့ဆီဝင်လိုက်တော့ 'ဘ၀တက္ကသိုလ်' လို့ ရေးထားတဲ့ ဆိုင်းဘုတ်ကို နံရံမှာ တွေ့လိုက်တယ်။

'ဘ၀တက္ကသိုလ်' က ဆရာ့မိတ်ဆွေ တည်ထောင်ထားတဲ့ အလွတ်ပညာသင်ကျောင်းပါ။ ဆရာက ကျွန်တော့်ကို အားတဲ့အချိန်မှာ စာလာသင်ပေးဖို့ တိုက်တွန်းတယ်။ ဆရာ့မိတ်ဆွေ ဦးကြဲဆောင်ကလည်း တိုက်တွန်းတယ်။ တက္ကသိုလ်မှာ ကျွန်တော် တက်ရတဲ့အတန်းတွေနဲ့ အချိန်မတိုက်အောင် အချိန်စာရင်း ညှိပေးမယ်လို့ပြောတယ်။ ဒီလိုနဲ့ ကျွန်တော် ဘ၀တက္ကသိုလ်မှာ ဆရာဖြစ်သွားပါတယ်။

ကျောင်းက ကမာရွတ်၊ ကန်လမ်းထိပ်နားက အိမ်တစ်အိမ်ရဲ့ အောက်ထပ်မှာ ဖွင့်ထားတာပါ။ နေ့ဘက်မှာ ငါးတန်းက ရှစ်တန်းအထိ သင်ပြီး ညဘက်မှာ ၁၀ တန်းသင်တယ်။ ကျွန်တော်က နေ့ဘက်မှာ သင်ရတယ်။ ခြောက်တန်း၊ ခုနစ်တန်းမှာ မြန်မာစာနဲ့ အင်္ဂလိပ်စာ သင်ရပါတယ်။

ကျောင်းသားတစ်ပိုင်း၊ ဆရာတစ်ပိုင်း လုပ်ရတော့ အချိန်ယူရတာပေါ့။ မနက် ၇ နာရီလောက် ကျွန်တော်နေတဲ့ တောင်ဥက္ကလာကနေ ဘတ်စ်ကားသုံးဆင့်စီးပြီး

mgyoe.com